မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ စနေနေ့၊ အတွဲ (၉၄)၊ အမှတ် (၂၇၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ၊ ပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် စေတနာမှန်ကိုနားလည်ယုံကြည် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူးမိန်းစင် ဦးစီးအင်အား ၈၄၈ ဦး ဥပဒေဘောင်အတွင်းဝင်ရောက် ယင်းအဖွဲ့ နေထိုင်လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေးအဆင်ပြေစေရေး ပြည့်စုံစွာဆောင်ရွက်ပေးခဲ့

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီးအဖွဲ့ဝင်များအား လိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့) မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီးအဖွဲ့အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်အစိုးရ၊ ပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် စေတနာမှန်ကို နားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး မိန်းစင်ဦးစီးအင်အား ၈၄၈ဦးသည် ၂၀၀၆ခုနှစ် ဇူလိုင် ၆ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြကြောင်းသိရှိရသည်။

ယူဆောင်လာ

ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ၌ ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ ၂၄ လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀တို့ကို ယူဆောင်လာကြသည်။

ကျော်ဖုံးသို့ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

တိုးတက်ထုတ်လုပ်နေသော ကမ္ဘာ့ဈေးကွက်ဝင်မြန်မာ့ပုလဲ

အရည်အသွေးမြင့်မားသည့် မြန်မာ့ ကျောက်စိမ်း၊ ကျောက်မျက်၊ ပတ္တမြား၊ နီလာနှင့် ပုလဲတို့၏ ဂုဏ်သတင်းကား နိုင်ငံတကာသို့ ပျံ့နှံ့လျက်ရှိသည်။

ဇွန်လ ၂၀ရက်နေ့မှ ဇူလိုင်လ ၄ရက်နေ့အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပခဲ့သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ပုလဲအတွဲ ပေါင်း၅၀၀ ပြသရောင်းချခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောပုလဲမှာ တောင်ပင်လယ်ပုလဲ အမျိုးအစားဖြစ်ပြီး အရွယ်အစားကြီးမားခြင်း၊ ရတနာတန်းဝင် ပွင့်ရည်ရှိခြင်းတို့ကြောင့် တန်ဖိုးအမြင့်မားဆုံး ပုလဲများဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ပင်လယ်ပြင်မှ ပုလဲလုံးရေ တစ်သန်းထုတ်လုပ်မည့် အစီအစဉ်ကို ယခုနှစ်မှစတင် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

ပုလဲလုံးရေတစ်သန်း ထုတ်လုပ်ရေးစီမံချက်အတွက် မုတ်ကောင်သားဖောက်ရန် သားဖောက်ခန်းမများ တည်ဆောက်ခြင်း၊ မုတ်ကောင်မွေးမြူရန် Longlines အတွက် ကြိုးတန်းများ တိုးချဲ့ခြင်း၊ မုတ်ကောင်မွေးမြူခြင်း၊ ဝတ်ဆံသွင်းခြင်း အပါအဝင် ပုလဲထုတ်လုပ်ခြင်းများကို လုပ်ဆောင်ရန် လိုအပ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ မုတ်ကောင်သားဖောက် ခန်းမပေါင်းလေးခုရှိပြီး မလိကျွန်းတွင် သားဖောက်ခန်းမတစ်ခု ထပ်မံဆောက်လုပ်နေကြောင်းနှင့် မုတ်ကောင်မွေးမြူရာတွင် အသုံးပြုမည့် Longlines များတိုးချဲ့ရန် စီစဉ်နေသည်။

၂၀၀၇ခုနှစ်မှစ၍ ပုလဲများပိုမိုထုတ်လုပ်နိုင်ရေးအတွက် မုတ်ကောင်များ ပိုမိုမွေးမြူပြီး ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ဝတ်ဆံသွင်းသည့် လုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်သည်။

ကမ္ဘာ့ပုလဲဈေးကွက်တွင် အရည်အသွေးကောင်းပြီး လူကြိုက်များသော ပုလဲများကို တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်နိုင်ရေး၊ ခေတ်မီပုလဲမွေးမြူရေးလုပ်ငန်း၌ တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာနိုင်စေရေးအတွက် နိုင်ငံတော်က အားပေးပျိုးထောင်ပေးလျက်ရှိရာ ပုလဲလုံးရေတစ်သန်း ထုတ်လုပ်နိုင်ရန် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ပုလဲမွေးမြူရေးကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှေ့နေချုပ်နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ ညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံ ပြန်လည်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၇

နေပြည်တော်ရှိ ရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ဇူလိုင် ၅ရက် နံနက်၁၀နာရီက ရန်ကုန်တိုင်းဥပဒေရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့် ဒုတိယတိုင်းဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ပြန်လည်ရှင်းလင်း

ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဥပဒေအရာရှိ ဦးကျော်မိုးနိုင်က ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ရှေ့နေချုပ်၏ မှာကြားချက်များဖြစ်သော ဥပဒေအရာရှိများသည် အမှုလိုက် အတတ်ပညာကို ကျွမ်းကျင်ကြရန် လိုကြောင်း၊ ရုံးအမှု လိုက်ရာမှာ ဥပဒေဗဟုသုတ၊ တရားရုံး ရှေ့အမှုလိုက် အတွေ့အကြုံများအပြင် မိမိကိုယ်တိုင် ဖန်တီးနိုင်မှုရှိဖို့ လိုအပ်ကြောင်း၊ ဥပဒေအရာရှိများသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ဝန်ထမ်း များဖြစ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်း ကျင့်ဝတ်နှင့် စည်းကမ်းကို တစ်သဝေမတိမ်း လိုက်နာ စောင့်ထိန်းကြရန်လိုကြောင်း၊ ဥပဒေ အရာရှိများသည် ဥပဒေကို ကျင့်သုံးနေသည့်အဖွဲ့ အစည်းတွင် ပါဝင်သည့်အတွက် ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန်လိုကြောင်း စသည့်မှာကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ပြန်လည် ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဝါတွင်းကာလ ဗုဒ္ဓပူဇနီယပွဲတော်များ ရွှေတိဂုံစေတီတော်၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ စေတီတော် ဂေါပကအဖွဲ့ ကကြီးမှူး၍ ဝါတွင်းကာလဖြစ်သော ဇူလိုင်၉ရက် (ဝါဆိုလပြည့်နေ့)မှ အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်နေ့) အထိ ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့များတွင် ဘုရားဖူးများ သီတင်းသီလ ဆောက်တည်မှု လွယ်ကူစေရန် သီလခံယူပွဲများကို စီစဉ်ကျင်းပပေးသွားမည်ဖြစ်ပြီး ဗုဒ္ဓဝံသဆိုင်ရာနေ့ထူးနေ့မြတ် အခမ်းအနားများ ဖြစ်သော ဇူလိုင်၉ရက် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာ အခါတော်နေ့)တွင် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်(၅) ဆူတို့အား ရွှေကြာသင်္ကန်း လှည့်လည်ကပ်လှူခြင်း၊ ဓမ္မစကြာဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဩဂုတ်၈ရက် (ဝါခေါင်လပြည့်နေ့)တွင် ပန်းစေတီ ပန်းပဒေသာပင်များဖြင့် လှည့်လည်ပူဇော်ဆက်ကပ်ခြင်း၊ မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဆိုခြင်း၊ စက်တင်ဘာ၆ရက် (တော်သလင်းလပြည့်နေ့)တွင် ဆရာတော်များနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်ခြင်း၊ ဂရုဓမ္မတရားတော်များ နာကြားခြင်း၊ အောက်တိုဘာ၆ရက် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာ အခါတော်နေ့)တွင် ဆီမီးများကို အခမ်းအနားဖြင့် လှည့်လည်ပူဇော်ခြင်း၊ စောင်းတန်းလေးသွယ်၌ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရားတော်များ နာကြားခြင်း စသည့် ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့-မြိတ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၆၈ မြိတ်အသင်း၌ ရန်ကုန်မြို့ပေါ်ရှိ မြိတ်ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ဇူလိုင်၁၅ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တတိယအကြိမ် ဝါဆိုသင်္ကန်းဆက် ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းသူ အသင်းသားများနှင့် မြိတ်သူမြိတ်သားများ မြိတ်အသင်း ဖုန်း-၂၁၂၈၂၄၊ ၂၂၄၃၄၀၊ဦးအေးညိမ်း ဖုန်း-၃၈၂၀၈၂၊ ဦးအင်ဟို ဖုန်း-၂၂၅၆၆၀နှင့်ဦးတင်ဝမ်းဖုန်း-၂၉၃၅၃၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၈-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **"ကာယာနုပဿနာသတိပဋ္ဌာန်"**

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"တစ်ခါတုန်းက"** (ကျော်ရဲအောင်၊ထက်ထက်မိုးဦး)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၁၃)

၉-၇-၂၀၀၆ ရက် (နံနက်)

၀၁:၃၀	၁။	FIFA WORLD CUP 2006 ဘောလုံးပွဲ **(တတိယနေရာလုပွဲ)** Germany Vs Portugal (Live)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်လမ်း အမှတ် (၁၂)နေ ဒေါ်တင်တင်သိန်းနှင့် မြေးမောင်အောင်ခန့်ခိုင် မွေးနေ့အလှူမှ ကွယ်လွန်သူ ဦးလုကြူအား ရည်စူး၍ ဇီဝတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးညွန့်က လက်ခံယူစဉ်။ (က-ပ)

လူမှုရေးအသင်းအဖွဲ့ အသီးသီးတွင် မည်သည့်ဘာသာကိုးကွယ်သူမဆိုဝင်ရောက်ခွင့်ပြုထား
ကိုးကွယ်ရာဘာသာဝင်အသီးသီး မိမိတို့ဘာသာအလိုက် အေးချမ်းစွာကိုးကွယ်လျက်ရှိ
ဘာသာရေး၊ လူမှုရေးကန့်သတ်ချုပ်ချယ်နေသည်ဆိုသည့်စွပ်စွဲချက် လုံးဝမှားယွင်း

ရန်ကုန် ဇူလိုင် ၇

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က အမှာစကားပြောကြားရာတွင် မိမိတို့ကရင်ပြည်နယ်၌ ၁၉၈၈ ခုနှစ်မတိုင်မီက ဆန်စပါးဖူလုံမှုမရှိ ခဲ့ကြောင်း၊ ယခုအချိန်တွင် လူဦးရေ၁၆ သိန်း ၄ သောင်းကျော်ရှိပြီး ယခုနှစ် စပါးအထွက်တင်းပေါင်း ၃၅၇ သိန်းကျော် ထွက်ရှိသည့်အတွက် စပါးတင်းပေါင်း ၈၇သိန်း ပိုလျှံထွက်ရှိပြီး ဆန်ဖူလုံမှုရာခိုင်နှုန်း ၁၃၂ ရာခိုင်နှုန်းကျော် တိုးတက်လာပြီးဖြစ်ကြောင်း။

ယခုလို ဆန်ဖူလုံရန်အတွက် ၁၉၈၈ခုနှစ်တွင် ဆန်စပါးစိုက်ပျိုးမှုဧက ၃ ဒသမ ၈သိန်းမှ ယခုအခါစိုက်ဧက ၆ ဒသမ ဝ၅သိန်းအထိ တိုးမြှင့်စိုက်ပျိုးခဲ့ကြကြောင်း၊ ဆန်စပါးသာမက အခြားဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများကိုလည်း ဧက ၂ ဒသမ ၅ သောင်းမှ ယခုအခါ ဧက ၅ ဒသမ ၆ သောင်းရှိလာသည့်အတွက် ဧက သုံးသောင်းကျော် တိုးတက်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း။

ယခုကဲ့သို့ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းတာတမံများကိုလည်း တိုးချဲ့တည်ဆောက်ရကြောင်း၊ မိမိတို့ ကရင်ပြည်နယ်တွင် ၁၉၈၈ ခုနှစ်က ဆည်မြောင်းတာတမံ ၅၁ ခုရှိခဲ့ရာက ယခုအခါ ၉၇ ခုရှိလာသည့်အတွက် ၄၆ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဆည်မြောင်းတာတမံများကို တိုးချဲ့ဆောင်ရွက်နိုင်သည့်အတွက် အကျိုးပြုစိုက်ဧက ၅၂၉၉၀ ဧကအထိ တိုးတက်လာသည်ကိုလည်း တွေ့ရကြောင်း။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်စိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့အပြင် ယခင်ကဆောင်ရွက်နိုင်ခြင်းမရှိသည့် မြစ်ရေတင်လုပ်ငန်းခြောက်ခုကို ဆောင်ရွက်နိုင်သည့်အတွက် နွေစပါးဧက ၇၈၀၀ ကို သီးထပ်စိုက်ပျိုးနိုင် ခဲ့ကြောင်း၊ ပြည်နယ်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းမှုရှိလာခြင်းကြောင့် ယခင်ကစိုက်ပျိုးနိုင်ခြင်းမရှိသည့် စိုက်ပျိုးမြေနေရာများပါ စိုက်ပျိုးနိုင်သည့်အတွက် ယခုကဲ့သို့ စိုက်ဧကများ တိုးတက်လာခြင်းဖြစ်ကြောင်းကို တွေ့ရကြောင်း။

တည်ဆောက်ဖွင့်လှစ်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်နယ်၊ ပြည်မ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ ကရင်ပြည်နယ်၊ ဘားအံဒေသလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ဒေသ၌ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံ ဆေးပေးခန်းများနှင့် ပေ ၁၈၀ အထက် တံတားကြီးများကိုတည်ဆောက် ဖွင့်လှစ်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မိမိတို့ကရင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတားကြီး ငါးစင်းအပါအဝင် တံတားပေါင်း ၁၉၅ စင်းကို ဆောက်လုပ်ပေးနိုင်သည့်အတွက် ဒေသခံပြည်သူလူထုနှင့်တကွ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လွယ်လင့်တကူ ကူးလူးသွားလာပြီး ရောင်းဝယ်ဖောက်ကားနိုင်ပြီဖြစ်ကြောင်း။

အဓိကအားဖြင့် ပြည်နယ်၊ ပြည်မဆက်သွယ်ထားသည့် အရှည် ၂၂၅၂ ပေရှိ သံလွင်တံတား(ဘားအံ)ကို ကုန်ကျစရိတ်ငွေကျပ် ၇၂၆ ဒသမ ၆ သန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆၃ သန်း ကုန်ကျခံတည်ဆောက်ပေးပြီး ၁၉၉၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် မွန်ပြည်နယ်နှင့် ဆက်သွယ်ထားသည့် အရှည်ပေ ၂၉၀၀ ရှိသည့် ဂျိုင်း(ဇာသပြင်)တံတားကိုလည်း ၁၉၉၉ ခုနှစ် မတ်လ ၂၄ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ဘားအံနှင့် ကော့ကရိတ်ခရိုင်ချင်းဆက်တံတားဖြစ်သည့် အရှည်ပေ ၁၂၀၀ ရှိ ဂျိုင်း(ကော့ကရိတ်)တံတားကိုလည်း ၁၉၉၉ခုနှစ် မေ ၂၂ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ထိုလမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ဒေသအေးချမ်းတည်ငြိမ်မှုရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရလဒ်အဖြစ် ကရင်ပြည်နယ်၏ တစ်ဦးချင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၀၁ ခုနှစ် တွင် ငွေကျပ် ၄၀၀၀၀ ရှိခဲ့ရာက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ငွေကျပ် တစ်သိန်း နှစ်သောင်းကျော်ရှိလာသည့်အတွက် ၁၀၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါကြောင်း။

အဆင့်တိုးမြှင့်ဖွင့်လှစ်

မိမိတို့ ကရင်ပြည်နယ်သူ ပြည်နယ်သားများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရုံတင်မကဘဲ လူမှုရေးပါမကျန် အဆင့်အတန်းတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးကဏ္ဍတွင် ခုတင် ၁၅၀ ဆေးရုံကို ခုတင် ၂၀၀ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး၊ ခုတင် ၅၀ ဆေးရုံနှစ်ရုံ၊ ၁၆ ခုတင် တိုက်နယ် ဆေးရုံရှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ ခုကို တိုးချဲ့ဖွင့်လှစ်ပေးကာ ဒေသခံပြည်သူလူထုများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်သည့် နေရာတွင်ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်သည့်အတွက် ကရင်ပြည်နယ်အတွင်း၌ အထက်တန်းကျောင်း ၁၅ ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်းနှင့် မူလတန်းကျောင်း ၉၀ ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

အဆင့်မြင့် ပညာပိုင်းအနေဖြင့် ၁၉၈၈ မတိုင်မီက နှစ်နှစ်သင် ဘားအံကောလိပ်တစ်ကျောင်းသာရှိခဲ့ရာက ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် ဘားအံတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ ယခင်က ဘားအံအစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းကို ဘားအံအစိုးရ နည်းပညာကောလိပ်အဖြစ် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ၂၀၀၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ကွန်ပျူတာကောလိပ်ကိုလည်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ပျူတာကောလိပ် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ဇွန် ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာအဆင့်မီ

ယခုကဲ့သို့ အမြော်အမြင်ကြီးမားသည့် နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် ယခုဆိုလျှင် မိမိတို့ ကရင်ပြည်နယ်သူပြည်နယ်သားများ၏ ရင်နှစ်သည်းချာ သားသမီးများသည် မိဘနှင့် ရင်အုပ်မကွာနေထိုင်ပြီး မိမိဒေသတွင်း၌ပင် ခေတ်မီလှပသည့် ကျောင်းဆောင်သစ်ကြီးများတွင် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များကို အေးချမ်းပျော်ရွှင်စွာ လေ့လာသင်ကြားခွင့်ကို ရရှိနေပြီဖြစ်ကြောင်း။

ယခုလည်း ကရင်ပြည်နယ်တစ်ခုလုံးကို ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းသည်လည်း ကရင်ပြည်နယ်အတွင်း ဒေသအေးချမ်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်၍ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ၁၉၄၉ ခုနှစ်က စတင်ပြီး လက်နက်ကိုင် ဆူပူသောင်းကျန်းခဲ့သည့် ကေအင်န်ယူအဖွဲ့သည် နှစ်ပေါင်း ၅၀ ကျော် ကာလအတွင်းတွင် လူမျိုးအတွက်၊ ပြည်နယ်အတွက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ထို့ကြောင့် ကေအင်န်ယူအဖွဲ့မှ ခွဲထွက်လာသည့် အဖွဲ့ငါးဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ကေအင်န်ယူအဖွဲ့အတွင်း ဘာသာရေးအရ ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုများကို မခံမရပ်နိုင်ဖြစ်သည့်အတွက် ၁၉၉၄ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကေအင်န်ယူအဖွဲ့က ခွဲထွက်ပြီး နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့သည့် ဦးသာထူးကျော် ဦးဆောင်သည့် ဒီကေဘီအေအဖွဲ့ကို လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသ၌ နေရာချထားပေးခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ၁၉၉၅ ခုနှစ် မေလမှစ၍ ယနေ့တိုင် လစဉ်ထောက်ပံ့ငွေ ကျပ် ၁၅ သိန်း၊ လစဉ်ဆန်အိတ် ၅၀၀၀ အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ကျပ် ၁၀၈ သိန်းကျော် ကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် မြိုင်ကြီးငူဆရာတော်၏ သာသနာပြုလုပ်ငန်း ပြန့်ပွားရေးအတွက်လစဉ်ငွေကျပ် ငါးသိန်းကိုလည်း ပံ့ပိုးလှူဒါန်းပေးလျက်ရှိကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် မော်တော်ယာဉ်များ၊ လယ်ထွန်စက်များ၊ ရေစုပ်စက်များ၊ လက်တွန်းထွန်စက်များ၊ လက်နှိပ်စက်များ၊ အပ်ချုပ်စက်များကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် မြိုင်ကြီးငူအထူးဒေသ၌ ပရဆေးစိုက်ပျိုးမှု ဧက ၆၀၊ အခြေခံပညာ မူလတန်းကျောင်း သုံးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ ဆောင်ရွက်ဖွင့်လှစ်နိုင်ပြီး ကုန်ထုတ်လုပ်ငန်းအနေဖြင့် ငွေကျပ် ၁၀၀၆ ဒသမ ၅ သန်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

အလားတူ ၁၉၉၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖဒိုအောင်ဆန်းဦးဆောင်သည့် အဖွဲ့သည် ကေအင်န်ယူအဖွဲ့မှ ခွဲထွက်လာပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ပါကြောင်း၊ ယင်းအဖွဲ့ကို ဘုရားကုန်းငြိမ်းချမ်းရေးဒေသ၌ နေရာချထားပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် မြေရိုင်း ၁၀၅ ဧက ဖော်ထုတ်ထွန်ယက်ပေးခြင်း၊ ရော်ဘာဧက ၅၀ စိုက်ပျိုးပေးခြင်း၊ ငါးကန် သုံးကန်တူးပေးခြင်း စသည်တို့ကို ငွေကျပ်သိန်း ၂၀၀ကျော် အကုန်အကျခံ ဆောင်ရွက်ပေးသည့်အပြင် နေအိမ်၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ စပါးကျီစိုက်ပျိုးရေးစခန်းများ ဆောက်လုပ်ပေးခဲ့ကြောင်း၊ မော်တော်ယာဉ်များ၊ လယ်ထွန်စက်များကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ ပံ့ပိုးပေးခဲ့ခြင်းကြောင့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား၌ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကြက်မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုကို FAO က ချီးမြှင့်ခြင်းခံခဲ့ရကြောင်း။

ကြာအင်းဆိပ်ကြီးမြို့နယ် အဇင်း(ကျိုက်ဒုံ)ဒေသမှာ နေရာချထားပေးလျက်ရှိသည့် ဦးစောသမူဟဲ ဦးဆောင်သည့် အဖွဲ့သည်လည်း ၁၉၉၇ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ကေအင်န်ယူအဖွဲ့မှ ခွဲထွက်ပြီး နိုင်ငံတော်အစိုးရထံမှာ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြောင်း၊ ယင်းဒေသတွင်လည်း နိုင်ငံတော်အစိုးရက လမ်းတံတား၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ သာသနာရေးနှင့် အိမ်ရာဆောက် လုပ်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်းတန်ဖိုး ၁၇၆၆ ဒသမ ၉၄ သိန်း ဆောင်ရွက်ပေးခဲ့သည့်အပြင် ၁၉၉၇ ခုနှစ် ဇွန်လကစပြီး ယနေ့တိုင် လစဉ် ငွေကျပ် ၈၉၁၀၀၀ ကို ပံ့ပိုးထောက်ပံ့ပေးသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်လာရုံမက မိသားစုဝင်များ ငြိမ်းချမ်းစွာ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ကြပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ထိုမျှသာမက ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကေအင်န်ယူအဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့် ဦးကိုကြီးဦးဆောင်သည့်အဖွဲ့ကို သံတောင်မြို့နယ် ကျွန်းတောကုန်းကျေးရွာတွင် နေရာချထားပေးပြီး လစဉ်ထောက်ပံ့ငွေကျပ် ၈၄၂၀၀ ပံ့ပိုးပေးခြင်း၊ အမက တစ်ကျောင်း၊ ဆေးပေးခန်း တစ်ခု၊ ရော်ဘာဧက ၁၀၀ နှင့် ကြံဧက ၅၀ စိုက်ပျိုးပေးခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ ရေအားလျှပ်စစ် တပ်ဆင်ပေးခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကျပ် ၁၀၂ ဒသမ ၉ သိန်း ကုန်ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၁၉၉၇ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ကေအင်န်ယူအဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့် ဦးစောဖယ်ရီမိုး ဦးဆောင်သည့်အဖွဲ့ကို ပျားစခန်းငြိမ်းချမ်းရေးရွာတွင် နေရာချထားပေးပြီး လစဉ်ငွေကျပ် ၆၁၅၈၄၀ ထောက်ပံ့ပေးခြင်း၊ အမက တစ်ကျောင်း၊ စိုက်ပျိုးရေးပညာပေးစခန်း တစ်ခု၊ ရော်ဘာဧက ၁၀၀ နှင့် ငှက်ပျောဧက ၅၀ စိုက်ပျိုးခြင်း၊ ပျားစခန်း ရေနုတ်မြောင်း တူးဖော်ခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ငွေကျပ် ၅၈ ဒသမ ၃၃၄ သိန်း အကုန်အကျခံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့အစည်းမိသားစုဝင်များအားလုံးကို နိုင်ငံတော်အစိုးရက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေရာချထားပေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ယနေ့တိုင် ဆောင်ရွက်ပေးခြင်းများကို မကြာမြင့်မီကာလက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သံတမန်များ၊

စာမျက်နှာ ၈ ကော်လံ ၁

8-7 (03).p65 1 1/10/32, 9:57 PM

တရုတ်၌အမျိုးသား အမွေအနှစ်နေရာများသတ်မှတ်

ပေကျင်း ဇူလိုင် ၇

တရုတ်နိုင်ငံ အစိုးရသည် ပထမအသုတ်အဖြစ် နိုင်ငံ၏အမျိုးသား အမွေအနှစ်နေရာ ၃၀ ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံ၏ အမျိုးသားအမွေအနှစ် တစ်နေရာကို တွေ့ရစဉ်။

ယင်းနေရာများတွင် သဘာဝ အမွေအနှစ်နေရာ ၁၇နေရာနှင့် သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ် နေရာ ၁၃ နေရာတို့ပါဝင်သည်။

နာမည်ကျော်ကြား

၎င်းနေရာ ၃၀ထဲမှ နေရာ အများအပြားသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချင်းဟိုင်ပြည်နယ်ရှိ ချင်းဟိုင်ရေအိုင်၊ မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ရှေးဟောင်းဘုရားကျောင်းများစွာရှိသည်ဟု နာမည်ကျော်ကြားသော ဝူတိုင်တောင်နှင့် အရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ ကျူဟွာရှန်းတောင်တို့ဖြစ်သည်။

ပြောကြား

တရုတ်နိုင်ငံ၏ အမျိုးသားအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး စနစ်တွင် ယခုသတ်မှတ်လိုက်သော အမျိုးသားအမွေအနှစ်နေရာများ တည်ထောင်လိုက်ခြင်းသည် အရေးပါသော ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ စီမံကိန်းရေးဆွဲသူ ချင်ကျာအိုလီက ပြောကြားသည်။

ဦးစားဆောင်ရွက်

ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နေရာအတွက် ယှဉ်ပြိုင်ရန် ယခုသတ်မှတ်လိုက်သော အမွေအနှစ်နေရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံကိန်းရေးဆွဲသူ ချင်ကျာအိုလီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံလုပ် သဘာဝဓာတ်ငွေ့သုံးယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သဘာဝဓာတ်ငွေ့သုံးယာဉ်များ တရုတ် ပိုမိုသုံးစွဲ

ပေကျင်း ဇူလိုင် ၇

တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့သုံးယာဉ်များအား အစားထိုး သုံးစွဲခဲ့ခြင်းကြောင့် အကျိုးအမြတ် ပိုမိုရရှိခဲ့ကြောင်း သဘာဝဓာတ်ငွေ့ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၇ ရက်၌ ပြောကြားသည်။

ထုတ်ပြန်ကြေညာ

တရုတ်နိုင်ငံ စီအန်မြို့ ဝန်းကျင်တစ်ဝိုက်တွင် ကုမ္ပဏီပိုင်သဘာဝဓာတ်ငွေ့အရောင်းဆိုင် ခုနစ်ဆိုင်ကို ဖွင့်လှစ်ခဲ့ကြောင်း ကုမ္ပဏီမှတာဝန်ရှိ သူတစ်ဦးက ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသဘာဝဓာတ်ငွေ့ အရောင်းဆိုင်များတွင် ခန့်မှန်းခြေ အငှားယာဉ် ၂၀၀၀၀၊ ဘတ်စ်ကား ၃၀၀၀၊ အခြားလုပ်ငန်းသုံးယာဉ် ၂၀၀၀ ကို သဘာဝဓာတ်ငွေ့ဖြည့်တင်း ပေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဗီယက်နမ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှု ပထမနှစ်ဝက်အတွင်း အခွန်ဒေါ်လာ ၁၃၆ သန်းရရှိ

ဟနွိုင်း ဇူလိုင် ၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်ပို့ရောင်း ချရာမှ အခွန်ငွေအမေရိကန်ဒေါ်လာ ၁၃၆ သန်းရရှိခဲ့ကြောင်း၊ ယင်းမှာ နှစ်အလိုက် ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဒေသဆိုင်ရာ ကုန်သွယ်ရေးအေဂျင်စီက ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

ယင်းတို့၏ ဒေသထုတ်ကုန်အများစုကို တရုတ်၊ ရုရှားနှင့် ဂျပန်သို့ တင်ပို့ရောင်းချခဲ့ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်မှုဗဟိုပြန်ကြားရေးရုံးက ပြောကြားသည်။

ဆောင်ရွက်

ဗီယက်နမ်နိုင်ငံသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက် ဟက်တာများတိုးချဲ့ခြင်း၊ တင်ပို့ရောင်းချသူများအနေဖြင့်လည်း အရည်အသွေးမီထုတ်ကုန်များ ထုပ်ပိုးလျက်တင်ပို့ရန်အတွက် အားပေးခြင်းများဆောင်ရွက်နေကြောင်း သိရသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် ဟင်းသီးဟင်းရွက်စိုက် ဟက်တာ ၅၅၀၀၀၀၊ သစ်ခွစိုက်ဟက်တာ ၇၅၀၀၀၀ နှင့် ပန်းစိုက်ဟက်တာ ၁၀၀၀၀ ရှိလာ ရန် မျှော်မှန်းဆောင်ရွက်နေကြောင်း၊ ယင်းမှ နှစ်စဉ်ဟင်းသီးဟင်းရွက်တန်ချိန် ၁၁ သန်း၊ သစ်သီးဝလံတန်ချိန် ကိုးသန်း၊ ပန်းစည်း ၃ ဒသမ ၅ ဘီလီယံ ရရှိလာမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့်ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်နှစ်ကုန်ပိုင်းတွင် ဟင်းသီးဟင်းရွက်နှင့် သစ်ခွစိုက်ဟက်တာ ၁ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ယင်းမှ ၁၂ ဒသမ ၇ သန်းတန်ချိန်ထုတ်လုပ်ခဲ့ကာ ပြည်ပတင်ပို့ရောင်းချမှုမှ ဒေါ်လာ ၂၃၄ သန်းရရှိခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကြက်ငှက်တုပ်ကွေးဖြင့် အင်ဒို၌ သေဆုံးသူ ၄၀ရှိ

ဂျကာတာ ဇူလိုင် ၇

အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀ဦး ရှိသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးအာဏာပိုင်တို့က အတည်ပြု ပြောကြားသည်။

ကြက်ငှက် တုပ်ကွေးကြောင့် သေဆုံးသူမှာ အရှေ့ဂျားဗားပြည်နယ် တူလွန်ဂါဂန်းဒေသမှဖြစ်ပြီး အသက် ငါးနှစ်အရွယ်ရှိသည့် ယောက်ျားလေးဖြစ်သည်။ ၎င်းသည်လွန်ခဲ့သည့်လက သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမှာ ကြက်များကို ထိကိုင်ရာမှ ထိုဗိုင်းရပ်စ်ပိုး ကူးစက်ခံခဲ့ရကြောင်း ကျန်းမာရေး အာဏာပိုင်တို့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် မကြာမီ ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးမှုမှာ ဗီယက်နမ်နိုင်ငံထက် ကျော်လွန်သွားနိုင်သည်ဟုဆိုသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

၂ဒသမ၆၇တန်ရှိ ချောကလက်အတောင့်

ကြီးမားသော ချောကလက်အတောင့်ကြီးကို တွေ့ရစဉ်။ (ယာပုံ)

စင်ကာပူနိုင်ငံရှိ ပလာဇာ အရောင်းဆိုင်တစ်ခုတွင် နက်စ်တယ် ကုမ္ပဏီမှ အလေးချိန်၂ဒသမ၆၇ တန်ရှိ ချောကလက်အတောင့်ကို ကမ္ဘာ့အကြီးမားဆုံး ချောကလက်အတောင့်အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ပြုလုပ်ပြသခဲ့သည်။

(အင်တာနက်)

ဟော့ဒေါ့အစားပြိုင်ပွဲ

နိုင်ငံတကာဆိုင်ရာ ဟော့ဒေါ့ အစားပြိုင်ပွဲ ဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ (ဝဲပုံ)

နယူးယောက်မြို့တွင် ဇူလိုင် ၄ရက်က နိုင်ငံတကာဆိုင်ရာ ဟော့ဒေါ့ အစားပြိုင်ပွဲတစ်ရပ်ကျင်းပရာ ပါဝင် ဆင်နွှဲသူအများအပြားမှ ဂျပန်နိုင်ငံသား ကိုဘာယာရှီက သတ်မှတ်ထားသော ဟော့ဒေါ့ အစားအစာကို အချိန် ၁၂မိနစ်အတွင်း အပြီးစားနိုင်ခဲ့ပြီး ပထမဆုရရှိခဲ့သည်။ ကိုဘာယာရှီအတွက် ယခုဆုသည် သူ့အတွက် ခြောက်ကြိမ်မြောက် ဗိုလ်စွဲသည့်ဆုဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

မိမိတို့တန်ဖိုးထားစောင့်ရှောက်သည့် အမျိုးအနွယ် စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသည်ဟု ခံယူပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၇

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာက အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်နယ်အတွင်းမှာ နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးကိုလည်း တစ်ပြေးညီစောင့်ရှောက်နိုင်ရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းနိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လူနေမှုအဆင့် မြင့်မားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ပါမကျန်ရအောင် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်

ချင်းပြည်နယ် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်အောင် လက်ဖက်ခင်းများ စိုက်ပျိုးလျက်ရှိရာ ၁၉၈၈ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ လက်ဖက်စိုက်ခင်းဧက ၅၅၃၃စိုက်ပျိုးပြီးဖြစ်သဖြင့် လက်ဖက်များ ခူးယူရရှိပြီး လက်ဖက်ဖိုများဖြင့် လက်ဖက်အကြမ်းခြောက်၊ အချိုခြောက်များ အိမ်တွင်ထုတ်လုပ်လျက်ရှိပြီး စီးပွားဖြစ် လက်ဖက်ခြောက် စက်ရုံတည်ထောင်နိုင်သည်အထိ စိုက်ပျိုးလျက်ရှိသဖြင့် ချင်းပြည်နယ်၌ အမျိုးသမီးများ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားသော စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တရုတ်ပညာရှင်များနှင့် ပူးပေါင်းလေ့လာပြီး ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ပေးသဖြင့် အမျိုးသမီးများ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ၂၀၀၆ခုနှစ်တွင် ဧက ၇၀၀၀၀စိုက်ပျိုးပြီးဖြစ်သဖြင့် ၂၀၀၉ခုနှစ်တွင် ဧက ၅၀၀၀၀၀ ပြည့်မီအောင် စိုက်ပျိုးသွားမှာ ဖြစ်ကြောင်း၊ ဤကဲ့သို့ ခြံစည်းရိုးကြက်ဆူပင်မှရရှိလာသော ကြက်ဆူစေ့များကို ဇီဝဒီဇယ်ဆီအဖြစ် ကြိတ်ခွဲ၍ရလာသော ဒီဇယ်ဆီများကို ချင်းပြည်နယ်ရှိ စက်ရုံများ တိုးချဲ့တည်ဆောက်ပြီး အမျိုးသမီးများ အလုပ်အကိုင်ရရှိလာမှာ ဖြစ်ကြောင်း။

ချင်းပြည်နယ်တွင် စိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီပင်များကို စိုက်ပျိုးခဲ့ရာ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ စိုက်ဧက ၁၁၇၅စိုက်ပျိုးခဲ့ပြီး ကော်ဖီစေ့ ၈၆၆၃ပိဿာထွက်ရှိသဖြင့် ကော်ဖီမှုန့်များ ထုတ်လုပ်ရောင်းချသည့် အိမ်တွင်းအမှုန့်ကြိတ်လုပ်ငန်းများကို အမျိုးသမီးများက လုပ်ဆောင်နေကြောင်း တင်ပြလိုကြောင်း၊ နွားနောက်မွေးမြူရေးလုပ်ငန်းများကိုလည်း ၁၉၈၈ခုနှစ်တွင် နွားနောက်ကောင်ရေ ၂၀၃၆၆ကောင် စတင်မွေးမြူခဲ့ရာ ၂၀၀၅ခုနှစ်မှာ နွားနောက် ၄၅၃၃၁ကောင် ရရှိလာသဖြင့် နွားနောက်ကောင်ရေ ၂၄၉၆၅ကောင် တိုးတက်လာသည့်အတွက် ချင်းပြည်နယ် အမျိုးသမီးများ စီးပွားရေး တိုးတက်လာကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှ အိမ်တွင်း စက်မှုလက်မှုများ တိုးပွားလာပြီး အလုပ်အကိုင်များ ရရှိမည်ဖြစ်ရာ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်သူများနည်းပြီး လူကုန်ကူးခံရခြင်းမှ ကင်းဝေးစေရန် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍ

ချင်းပြည်နယ်၏ ပညာရေးကဏ္ဍကို တင်ပြရလျှင် မူလတန်းကျောင်း ၆၅ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၉၆ကျောင်း၊ အလယ်တန်းခွဲကျောင်း၊ အထက်တန်းကျောင်း ၁၁ကျောင်း စုစုပေါင်း ကျောင်းသစ် ၃၈၂ကျောင်းကို ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တည်ဆောက်ပေးခဲ့ပြီး ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၁၀၅၈၉ဦးနှင့် ကျောင်းသူ၊ ကျောင်းသား ၂၅၉၃၂ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်း၂၅ကျောင်းတွင် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ တပ်ဆင်နိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ခုတင်၁၀၀အထက် ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုတိုးချဲ့ဖွင့်လှစ်ပေးပြီး ဆရာဝန် ၇၁ ဦး၊ တိုင်းရင်းဆေးဆရာရှစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၂၂ဦး၊ ကျန်းမာရေးဝန်ထမ်း ၂၁ဦး၊ သူနာပြု ၅၃၅ဦးနှင့် သားဖွားဆရာမ၁၀ဦး တိုးချဲ့ခန့်ထားပြီး ချင်းပြည်နယ်၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးရေးဦးစီးဌာနမှ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၅ရုံ၊ တယ်လီဖုန်းရုံ ၂၅ရုံ၊ ကျေးလက်ဆေးခန်း၁၆ခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်လျက်ရှိပြီး ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်းရှစ်ကျောင်း၊ ဆရာ၊ဆရာမ ၁၅၃ဦးတို့ဖြင့် ကျောင်းသူ၊ ကျောင်းသား၃၈၄၇ဦးကို ပညာသင်ပေးလျက်ရှိကြောင်း။

ခရီးတွင်ကျယ်စွာသွားလာနိုင်

ချင်းပြည်နယ်တွင် မိုင် ၁၂၀ရှည်သည့် ကလေး–ဖလမ်း–ဟားခါး လမ်းကို ကတ္တရာခင်းခြင်း၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ ရေပြွန်တည်ဆောက်ခြင်းတို့ကို ၂၀၀၅–၂၀၀၆ခုနှစ်တွင် နိုင်ငံတော်မှ ခွင့်ပြုငွေသိန်း ၅၇၀ဖြင့် ပြုပြင်ခဲ့သဖြင့် ယခင်ကကဲ့သို့ မိုးတွင်းကာလ တောင်ပြို၊ လမ်းပဲ့ခြင်းမရှိသဖြင့် ယခု မိုးတွင်းကာလတွင် ကားများ၊ ကားလမ်းပိတ် ဆို့ခြင်းမရှိဘဲ နေ့စဉ်ခရီးတွင်ကျယ်စွာ သွားလာနိုင်ခဲ့ကြောင်း။

၁၇၃မိုင်ရှည်သည့် ဟားခါး–မတူပီလမ်းအတွင်းပိုင်း မိုးရာသီမှာ ပျက်စီးနေသောမိုင်၂၀အရှည်ရှိ လမ်းအပိုင်းများမှာ လမ်းဘေးဝဲယာ သစ်ပင်ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းပေါက်များဖာထေးခြင်း၊ တောင်ပြိုသည့်နေရာများ၌ အချိန်မီစက်ယန္တရားဖြင့်ဖယ်ရှားပေးခြင်း၊ လမ်းချဲ့ခြင်း၊ တံတားအသစ် တည်ဆောက်ခြင်းများ၊ မြေထိန်းနံရံနှင့် လမ်းထိန်းသစ်သားတိုင်များ တည်ဆောက်ခြင်းတို့ကို နိုင်ငံတော်၏ခွင့်ပြုငွေကျပ်သိန်း၅၅၀၊ လမ်းအမြဲတမ်းကောင်းမွန်အောင် ပြုပြင်နိုင်ခဲ့ကြောင်း။

ဟားခါးမြို့နယ်တွင်း အရှည်ပေ၈၆မိုင် ဟားခါး–ဂန့်ဂေါလမ်း၊ အရှည် ၃၅မိုင်ရှိ ဟားခါး–ထန်တလန်လမ်း၊ အရှည်၄၃မိုင်ရှိ ဟားခါး–ဖလမ်းလမ်းများကောင်းမွန်နိုင်ရန် မြေထိန်းနံရံတည်ဆောက်ခြင်း၊ လမ်းများဖာထေးခြင်း၊ တံတားများပြုပြင်ခြင်း၊ အုတ်ရေမြောင်းများတည်ဆောက်ခြင်းတို့ကို နိုင်ငံတော်မှခွင့်ပြုငွေ ၅၂၅သိန်းဖြင့်ပြုပြင်ခဲ့ရာ လမ်းများကောင်းမွန်ပြီး ရာသီမရွေး သွားနိုင်သဖြင့် ယခင်က လမ်းခရီးမှာ နှစ်ရက် သုံးရက် ညအိပ်ရသော ကားလမ်းခရီးများကို ယခုနေ့စဉ် နေ့ချင်းပေါက်ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးနိုင်ပြီ ဖြစ်ကြောင်း။

ပြုပြင်တည်ဆောက်

မင်းတပ်ခရိုင်တွင် အရှည်၁၀၂မိုင်ရှိ မင်းတပ်–ပခုက္ကူ–ပေါက်–ကျောက်ထု–ကန်ပက်လက်–မတူပီကားလမ်းအပိုင်းကို မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ကတ္တရာလမ်းတည်ဆောက်ခြင်း၊ အုတ်ရေမြောင်း များပြုလုပ်ခြင်း၊ တံတားများပြုပြင်ခြင်း တို့ကို နိုင်ငံတော်ခွင့်ပြုငွေဖြင့် ပြုပြင်တည်ဆောက်နိုင်သဖြင့် ယခင်ကထက် မော်တော်ယာဉ်များ မြန်ဆန်စွာသွားလာရကြောင်း တွေ့မြင်ရမှာဖြစ်ကြောင်း၊ ဖလမ်းနှင့်ရိဒ်ရေကန်သွားလမ်း ၄၅မိုင်ရှိသည့်အနက် ၂၂မိုင်ရှည်ပျက်စီးနေသောလမ်းအပိုင်းကို နိုင်ငံတော်ခွင့်ပြုငွေ ၇၅သိန်းဖြင့် ပြုပြင်တည်ဆောက်ပေးသဖြင့် နေ့စဉ်ဖလမ်းမှ ပြည်သူများအပန်းဖြေရန် ရိဒ်ရေကန်ကြီးသို့ သွားရောက် အပန်းဖြေနိုင်ကြပြီဖြစ်ကြောင်း၊ တီးတိန်မှ ရိဒ်ရေကန်သွား မဏိပူမြစ်ကူးတံတား၊ သံကူကွန်ကရစ်မန်ဆောင်တံတားကြီးကို ၂၀၀၅ခုနှစ် ပြည်ထောင်စုနေ့အကြို တံတားဖွင့်ပွဲ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်သည် ပြည်မနှင့် အချိန်မရွေးသွားလာနိုင်သည့်လမ်းမကြီးများ တည်ဆောက်ပြုပြင်နိုင်ခဲ့သဖြင့် ချင်းပြည်နယ်ကြီးသည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် မိမိတို့ချင်းပြည်နယ် လမ်းပန်းဆက်သွယ်မှုအတွက် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း၂၁၈သန်းကျော် သုံးစွဲခဲ့ကြောင်း သိရကြောင်း။

ပညာပေးလုပ်ငန်း

ပြည်တွင်း Media များအနေဖြင့်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ HIV/AIDS ရောဂါမပြန့်ပွားရေးနှင့် ရောဂါဝေဒနာရှင်များ ရှိပါက ဝိုင်းပယ်မထားသင့်ကြောင်း၊ ပညာပေးဇာတ်ကားများ၊ ရိုက်ကူးလွှင့်ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ ပညာပေးဝတ္ထု၊ ဇာတ်လမ်းများရေးသား ထုတ်ဝေခြင်းဖြင့်လည်းကောင်း ထိရောက်သော ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ ချင်းပြည်နယ်မှာ ခုခံအားကျရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ (၁) ဆေးခန်းဖွင့်လှစ်ကုသခြင်း၊ (၂) ရောဂါရှိသူများအား ရှာဖွေခြင်း၊ (၃) အန္တရာယ်များသော အပြုအမူအား ရှာဖွေခြင်း၊ (၄) စောစီးစွာနှင့် ထိရောက်စွာ ဆေးကုသခြင်း၊ (၅) သက်ဆိုင်သူများအား ဖော်ထုတ်ကုသခြင်း၊ (၆) ကျန်းမာရေးပညာပေးခြင်း၊ (၇) အုပ်စုအချင်းချင်း ကျန်းမာရေးပညာပေးခြင်း၊ (၈) ကွန်ဒုံးသုံးစွဲမြင့်မားစေခြင်း၊ (၉) ရောဂါဖြစ်ပွားမှု မျက်ခြည်မပြတ်ကြည့်ရှုခြင်း၊ (၁၀) သင်တန်းပို့ချခြင်း၊ (၁၁) သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊ (၁၂) အစိုးရ(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများဖြစ်ကြောင်း။

အခြေအမြစ်မရှိ

မြန်မာနိုင်ငံအနေနှင့် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်တွင် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်(၄)ရပ်ပါ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ကို ကျန်းမာရေး မူဝါဒလုပ်ငန်းစဉ်များနှင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို မလိုလားအပ်သည့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေနှင့် မြန်မာနိုင်ငံမှာ HIV/AIDS အပါ အဝင်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လွှင့်ထုတ်ပြောဆိုနေခြင်းများသည် အခြေအမြစ်မရှိ မဟုတ်မမှန်လုပ်ကြံ လွှင့်ထုတ်နေခြင်းသာဖြစ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါကြောင်း။

ယနေ့ကမ္ဘာပေါ်၌ လူကုန်ကူးခံရသူ မည်၍မည်မျှရှိသည်ကို အတိအကျ စာရင်းရရှိရန် ခက်ခဲသော်လည်း ၂၇သန်းမကသော လူများသည် လူကုန်ကူးခံရကြောင်း၊ နှစ်စဉ်တစ်သန်းမှ နှစ်သန်းထိ လူကုန်ကူးမှုဆက်လက်ဖြစ်ပွားကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင် ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများထဲတွင် အမျိုးသမီးနှင့် ကလေးသူငယ်များပါဝင်မှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ အာရှတိုက်၏ ဖြစ်ပွားမှုကိုလေ့လာရာတွင် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများပါဝင်ကြောင်း၊ ထိုဒေသများမှ လူကုန်ကူးခံရသူများကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံများသို့ အများဆုံး ဦးတည်ပို့ဆောင်ကြောင်း၊ UNODC ၏ အစီရင်ခံစာအရ သိရှိရပါကြောင်း။

အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံ၌ ၁၉၉၅ခုနှစ် ဝန်းကျင်မှစပြီး လူကုန်ကူးမှုပြဿနာကို စတင် သတိပြုခဲ့ပါကြောင်း၊ ၁၉၉၅ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့အမျိုးသမီးများညီလာခံမှထွက်ပေါ်လာသည့် ပေကျင်းကြေညာစာတမ်းပါ ရှေ့လုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းပါရှိခဲ့ကြောင်း။

ထိုကြေညာစာတမ်းပါ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၁၉၉၆ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့တန်ဖိုးထားစောင့်ရှောက်သည့် အမျိုးအနွယ်ကို စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေပြီး အမျိုးသားရေးဂုဏ် သိက္ခာထိပါးကျဆင်းစေသည်ဟုခံယူပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံခြောက်နိုင်ငံမှဝန်ကြီးများ တက်ရောက်သည့် အစည်းအဝေး (COMMIT -2004)ကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကိုယ်တိုင် အစည်းအဝေးအဖွင့် မိန့်ခွန်းပြောကြားရာတွင် "ဤအစည်းအဝေးသည် လူကုန်ကူးမှုတိုက်ဖျက်သွားရေးအတွက် နိုင်ငံအသီးသီးက ချမှတ်ထားသည့် သန္နိဋ္ဌာန်ကို ခိုင်မာစွာဖော်ပြနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းရှိ နိုင်ငံများနှင့်အတူ စိတ်အားထက်သန်စွာ လက်တွဲပြီး အင်တိုက်အားတိုက် ကြိုးပမ်း

စာမျက်နှာ ၈ ကော်လံ ၅ ❐

၂၀၀၆ ကမ္ဘာ့ဖလား တတိယနေရာလုပွဲနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ တတိယနေရာလုပွဲကို ဇူလိုင် ၉ ရက် နံနက် ၁ နာရီခွဲတွင် အိမ်ရှင်ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယင်းပွဲစဉ်နှင့် ပတ်သက်သည့်အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

စိန်မျိုးမြင့် (ဓာတ်ပုံပညာရှင်နှင့် အားကစားကလောင်ရှင်)

ဂျာမနီအနိုင်ရပြီး တတိယနေရာရယူပါလိမ့်မယ်။ ဂျာမနီနဲ့ ပေါ်တူဂီတို့က ခြေကွာပါတယ်။ ဂျာမနီကိုပိုပြီး သဘောကျတယ်။ ဂျာမနီပဲ အနိုင်ရမယ်ထင်တယ်။

စိုးမြတ်မင်း (မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

ဂျာမနီတို့ တတိယနေရာလုပွဲမှာ အနိုင်ကစားလိမ့်မယ်။ အိမ်ရှင် ဖြစ်တဲ့အတွက် ဒီဆုတော့ သူတို့ရအောင် ယူပါလိမ့်မယ်။ ခြေအနေအထားအရလဲ ဂျာမနီက ပိုကောင်းပါတယ်။ ဂျာမနီ အနိုင်ရဖို့များပါတယ်။

သက်အောင် (အဆိုတော်နှင့် သရုပ်ဆောင်)

ကျွန်တော့်အကြိုက်ကတော့ ဂျာမနီ တတိယနေရာရသင့်ပါတယ်။ ဒီလိုရဖို့ ခြေစွမ်းလဲရှိတယ်။ အိမ်ရှင်ဆိုတော့ ပေါ်တူဂီကိုအနိုင်ကစားပြီး ဒီဆုကို မလွတ်တမ်းယူမယ်လို့ မြင်တယ်။

တင်မြင့်အောင် (မြန်မာ့လက်ရွေးစင်ဟောင်း)

ပေါ်တူဂီ ကစားပုံကလဲ အရမ်းကောင်းနေတယ်။ ဂျာမနီကလဲ အိမ်ရှင်ဖြစ်ပြီး ဆုတစ်ခုတော့ ရအောင်ယူမှာပဲ ဒီစိတ်ဓာတ်နဲ့ကစားရင် ဂျာမနီ အနိုင်ရနိုင်ပါတယ်။ ပေါ်တူဂီခြေကလဲ တတိယဆုရနိုင်တဲ့ အနေအထားရှိတယ်။ ဒါကြောင့် အပြတ်ပြောလို့တော့ မရတဲ့ပွဲပါပဲ။

အောင်ဇော်မျိုး (နောက်တန်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

ဂျာမနီအနိုင်ရမယ်။အိမ်ရှင်ရဲ့ နောက်ဆုံးအခွင့်အရေးဆိုတော့ အနိုင်ကစားမှာပါ။ ပေါ်တူဂီက ရှေ့တန်း အားနည်းတယ်၊ စီရိုနယ်ဒိုနဲ့ ဖီဂိုတို့ကို ပိတ်ထားလိုက်ရင် ပေါ်တူဂီ တိုက်စစ်က အားမရှိတော့ဘူး။ ပေါ်တူဂီတို့ တတိယနေရာ မရနိုင်ဘူး။

ကြည်သာ(ပွဲကြိုက်ခင်) ရုပ်ရှင်သရုပ်ဆောင်

ဒီပွဲကတော့ ဂျာမနီပွဲပါ။ အိမ်ရှင်အတွက် တတိယဆုရယူဖို့ဆိုတာ အရမ်းလိုအပ်နေပြီဖြစ်တဲ့ အခြေအနေပါ။ ကမ္ဘာ့ဖလားဘောလုံးပွဲ လက်ခံကျင်းပပြီး စတုတ္ထနေရာကိုတော့ ယူမှာမဟုတ်ပါဘူး။ တတိယဆုယူပြီး အိမ်ရှင် ပရိသတ်ကို နှစ်သိမ့်မှုပေးမှာပါ။

စိုးအောင် (တိုင်းရင်းဆေး) (တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့)

ပထမတော့ ဂျာမနီအသင်း ဗိုလ်လုပွဲတက်မယ်လို့ မှန်းတာ အခုတော့ တတိယနေရာအတွက်ပဲ အခွင့်အရေးရှိနေတော့ မဖြစ်မနေရအောင် ယူတော့မှာပါ။ ပေါ်တူဂီကစားပုံကောင်းပေမယ့် ဂျာမနီကို ကျော်ဖို့ မလွယ်ပါဘူး။ အခြေအနေအရ ဂျာမနီအနိုင်ရသွားမှာပါ။

နှင်းဆီမြင့် (မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း)

ဂျာမနီအနိုင်ရမယ်။ ဂျာမနီကပေါ်တူဂီထက် နောက်တန်းအားနည်းပေမယ့် အသင်းလိုက်ကစားပုံမှာ ဂျာမနီပိုကောင်းတယ်။ တိုက်စစ်အားလဲ သာတယ်၊ လက်ရှိအခြေအနေအရ တတိယနေရာကို ဂျာမနီရဖို့ အလေးသာပါတယ်။

(မြန်မာ့အလင်း)

ယောနယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

ယောနယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ အသင်းဩဝါဒါစရိယ ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက(ယော) ဆရာတော်အမှူးပြုသော ယောသံဃာတော်မထေရ်ကြီး ၂၁ ပါးတို့အား (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) စနေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း ၄၀ အမှတ် ၂၀၂ ဒုတိယထပ်၌ ကျင်းပမည်ဖြစ်ရာ ယောနယ်သူ၊ နယ်သားများနှင့် အသင်းဝင်များ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းကပ်လှူရာတွင် ပါဝင်လှူဒါန်းနိုင်ရေးအတွက် ဦးအေးမောင် (ဥက္ကဋ္ဌ)ဖုန်း-၂၄၀၆၁၄၊ ဦးအောင်မြ(ဒုဥက္ကဋ္ဌ) ဖုန်း-၃၈၆၄၄၇၊ ဦးသာလှ (အတွင်းရေးမှူး) ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်အဖွဲ့သည် အလတ်ချောင်းရပ်ကွက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားများအတွက် ဗလာစာအုပ်အချော ၅၄ ဒါဇင်နှင့် စာအုပ်အကြမ်း ဒါဇင် ၃၀ စုစုပေါင်း ၈၄ ဒါဇင် တန်ဖိုးငွေကျပ် ၁၅၈၄၀၀ ကို ဇူလိုင် ၂ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ပရိယတ္တိသာသန နုဂ္ဂဟဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူပွဲ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၂၈)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူရေစက်ချပွဲ အခမ်းအနားကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကြုတ် တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သံဝရဗောဓိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီးအား ပင့်ဖိတ်ပြီး ဆွမ်းဆန်တော် တင်းပေါင်း ၄၈၀၀ ကို ကျောင်းတိုက်ပေါင်း ၁၈၇ တိုက်မှ သံဃာတော်ပေါင်း ၁၉၀၀၀ ကျော်တို့အား လှူဒါန်းနိုင်ရန်အတွက် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်အပေါင်းတို့အား သာဓုအနုမောဒနာခေါ်ဆိုကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

The Commerce Journal အတွဲ (၆)၊ အမှတ် (၁၂) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၇

The Commerce Journal အတွဲ (၆)၊ အမှတ်(၁၂)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် သရက်သီးနှင့် ပတ်သက်သည့် သတင်းများ၊ ဆောင်းပါးများ၊ သုတေသနစာတမ်းများ၊ အထူးစာမျက်နှာ ရှစ်မျက်နှာ ပါရှိသည့်အပြင်၊ ပြည်ပကျောက်မျက်ပြပွဲများသို့ ယူဆောင်ခွင့်ပြုသောတန်ဖိုးတိုးမြှင့် Myanmar Trade Net အသင်းဝင်များအတွက် ဝန်ဆောင်မှု၊ မြင်းခွာရွက် အခြောက်မှုန့်ပို့ကုန်၊ သီရိလင်္ကာမှ ထွက်သမျှဝယ်လို၊ ကုမ္ပဏီဝန်ထမ်းများအတွက် ရထားလက်မှတ်ရောင်းပေးနေ စသည့် သတင်းများ၊ မောင်စူးစမ်း၏ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု ဘာခြားသလဲ၊ မောင်တိုင်ပင်၏ ကုန်သွယ်စီးပွားသတင်းစကားဝိုင်း၊ ကြည်မင်း၏ သူကြွယ်များကိုကြည့်ရှုခြင်း၊ ကြည်ရွှန်း၏ အောင်မြင်ချမ်းသာနည်း ၁၀၀၊ မောင်ပုဆိုးကြမ်း၏ ကိုယ်ပိုင်တံဆိပ်နဲ့ တရုတ်မော်တော်ကားများ၊သိန်းမြသိန်း၏ အိုပက်ရေနံ ထုတ်လုပ်မှု ပုံမှန်အတိုင်းရှိမည့် စသည့် ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် အမှတ်(၄၂)စီ တက္ကသိုလ်ရိပ်သာ လမ်းသစ်နေ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်စံရှားတင်နှင့် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။ (က-ပ)

ဒစ္စကာဗာရီလွန်းပြန်ယာဉ် အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်

ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် ကမ္ဘာမြေမှ ထွက်ခွာလာပြီး နှစ်ရက်အကြာ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်မိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြခဲ့သည်။

ပြတင်းပေါက်ဖွင့်

အဆိုပါ လွန်းပြန်ယာဉ်သည် ဂရင်းနစ်စံတော်ချိန် ၁၄၅၂ တွင် အိုင်အက်စ်အက်စ်နှင့် ချိတ်ဆက်မိပြီး မိနစ် ၁၀၀ အကြာ ယာဉ်နှစ်စင်းလုံးမှ ပြတင်းပေါက်များ ဖွင့်ခဲ့ကြသည်ဟု ဆိုသည်။

ဝမ်းပန်းတသာ

ဒစ္စကာဗာရီလွန်းပြန်ယာဉ် အိုင်အက်စ်အက်စ်နှင့် မချိတ်ဆက်မိမီ အိုင်အက်စ်အက်စ်ရှိ အာကာသယာဉ်မှူးများက အဆင့်ဆင့် စစ်ဆေးမှုများ ပြုလုပ်ထားခဲ့သည်။ ဒစ္စကာဗာရီလွန်းပြန်ယာဉ်နှင့် လိုက်ပါသွားသော အာကာသယာဉ်မှူး ခုနစ်ဦးတို့အား အိုင်အက်စ်အက်စ်သို့ ရောက်ရှိနေသော အာကာသယာဉ်မှူး ပါဗယ်ဗီနိုဂရာဒို့ဗ်နှင့် ဂျက်ဖရီဝီလီယံတို့ ဝမ်းပန်းတသာ အားပါးတရ နှုတ်ဆက်ခဲ့ကြသည်။

ဒစ္စကာဗာရီလွန်းပြန်ယာဉ် အိုင်အက်စ်အက်စ်နှင့် မချိတ်ဆက်မီ ပေ ၁၀၀၀ အကွာအရောက်တွင် အာကာသယာဉ်မှူး စတီဗီလင်ဆေးက ယာဉ်၏ အရှိန်ကို သပ်လိုက်သည်။ ယင်းနောက် အိုင်အက်စ်အက်စ်ယာဉ်၏ အောက်ပေ ၆၀၀ အကွာတွင် ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို အဆိုပါ အာကာသယာဉ်မှူးက ဂျွမ်းထိုးလှန်လိုက်ရာ အိုင်အက်စ်အက်စ်မှ အာကာသယာဉ်မှူးများဖြစ်ကြသည့် ဗီနိုဂရာဒို့ဗ်နှင့် ဝီလီယံတို့က ဓာတ်ပုံများ ရိုက်ယူခဲ့ကြသည်။

(၁၁၅)ကြိမ်မြောက်

ယင်းဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် အမေရိကန်အာကာသလွန်းပြန်ယာဉ် အစီအစဉ်၏ (၁၁၅)ကြိမ်မြောက် အာကာသခရီးစဉ်အဖြစ် ပျံသန်းခဲ့ခြင်းဖြစ်သည်။ ယင်းလွန်းပြန်ယာဉ်သည် အိုင်အက်စ်အက်စ်သို့ တပ်ဆင်ရေးကိရိယာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၁၃ တန်နီးပါး သယ်ဆောင်သွားခဲ့သည်။



ယခုလိုက်ပါသွားသော အာကာသယာဉ်မှူး ခုနစ်ဦးအနက် ဂျာမနီမှ သောမတ်စ်ရိတာသည် ရုရှားအာကာသယာဉ်မှူး ဗီနိုဂရာဒို့ဗ်နှင့် အမေရိကန် အာကာသယာဉ်မှူး ဝီလီယံတို့နှင့်အတူ အိုင်အက်စ်အက်စ်တွင် ခြောက်လကြာ နေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ဥရောပအာကာသ အေဂျင်စီ(အီဆာ)၏ ပထမဆုံး အာကာသယာဉ်မှူးဖြစ်သည်။ ဒစ္စကာဗာရီလွန်းပြန်ယာဉ်၏ အခြားအာကာသယာဉ်မှူးများဖြစ်သည့် မိုက်ဖော့စ်ဆမမ်နှင့် ဗြိတိသျှဖွား ပီယာ့စ်ဆဲလားစ်တို့သည် အိုင်အက်စ်အက်စ်သို့ ရောက်ရှိစဉ်အတွင်း နှစ်ပတ်သို့မဟုတ် သုံးပတ်ခန့် အာကာသတွင်းထွက်၍ လမ်းထွက်လျှောက်ကြရန် စီစဉ်ထားသည်။

ထိုအာကာသယာဉ်မှူးများထဲမှ တစ်ဦးက ဒစ္စကာဗာရီလွန်းပြန်ယာဉ်၏ စက်အစိတ်အပိုင်းများနှင့် နည်းပညာများကို ပြန်လည်စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)တွင် ကမ္ဘာ့မြေသို့ ပြန်မလာမီ အနည်းဆုံးရှစ်ရက်ကြာ နေသွားမည်ဟု မျှော်လင့်ရသည်။ လွန်းပြန်ယာဉ်သည် ဇူလိုင် ၁၆ ရက်တွင် ကနေဒီအာကာသစခန်းသို့ ပြန်လာရန် စီစဉ်ထားသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် အထူးသတင်း

ခေတ်အဆက်ဆက်ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရသော ရေဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ မျက်မှောက်ခေတ်၌ အရှေ့ဘက်ခြမ်းဒေသများနှင့် အိမ်ဦးနှင့်ကြမ်းပြင်တစ်တန်းတည်း ယှဉ်ပြိုင်ပန်းဝင်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ

ရန်ကုန် ဇူလိုင် ၇

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီတွင် မကွေးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများ ထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာသည့်အခါတိုင်း နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ မားမားမတ်မတ် ရပ်တည်ပြီး မိခင်စိတ်အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည် ဆိုသည်ကို တင်ပြလိုကြောင်း၊ ၂၀၀၅ခုနှစ် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်နေ့တွင် ၂၀၀၀ပြည့်နှစ်က ILO ၏ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူရန်တောင်းဆိုမှုကြောင့် ရန်ကုန်မြို့တွင်ရှိသော အထည်ချုပ်စက်ရုံ အလုပ်ရုံ ၁၆၀ခန့် ပိတ်ခဲ့ရသည့်အပြင် စက်ရုံ ၄၀ခန့်မှ အလုပ်သမားများကို လျှော့ချရသည့်အတွက် အလုပ်သမားများ ၈၀၀၀၀ကျော်ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့်အနက် အမျိုးသမီးအလုပ်သမား ၇၀၀၀၀ကျော် ပါဝင်ခဲ့ကြောင်း၊ ဤသို့အလုပ်လက်မဲ့ဖြစ်သွားသော အမျိုးသမီးငယ်အချို့မှာ စားဝတ်နေရေး အခက်အခဲကြုံတွေ့ရာမှ လူကုန်ကူးခြင်းခံရသောဘဝသို့ ကျရောက်သွားခဲ့ရသည်ကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ လက်တွေ့ကူညီဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းအချက်ကို မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးမှ ILO သို့ လေ့လာဆန်းစစ်ချက်စာတမ်းနှင့် အရေးယူပိတ်ဆို့မှုများ မပြုလုပ်ရန် ကာကွယ်စောင့်ရှောက်ပေးခဲ့ရကြောင်း၊ အလားတူ (၉၅)ကြိမ်မြောက် ILO ညီလာခံ စုံညီအစည်းအဝေးတွင် အကြောင်းပြချက် အမျိုးမျိုးဖြင့် မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူရန် စီစဉ်ဆောင်ရွက်နေသည်ကိုလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးမှ (၁) ILO အစည်းအဝေးပွဲများတွင် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အဖွဲ့အစည်းများ လက်ခံခြင်း၊ အစည်းအဝေးပွဲ ပြုလုပ်ခြင်းများကို မြန်မာနိုင်ငံအနေဖြင့် International Convention for the Suppression of the Financing of Terrorism ကို လိုက်နာရန် တာဝန်ရှိသည့်အလျောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလေးအနက်ကန့်ကွက်ကြောင်း၊ (၂) ILO ၏ ဆုံးဖြတ်ချက်များကြောင့် စီးပွားရေးပိတ်ဆို့မှု အကျိုးဆက်များ ဖြစ်ပေါ်လာပြီး အမျိုးသမီးများသည် လူကုန်ကူးမှု သားကောင်ဘဝသို့ ကျရောက်နိုင်ပါသောကြောင့် ILO အုပ်ချုပ်မှု အဖွဲ့၏ ဆုံးဖြတ်ချက်များသည် ကုလသမဂ္ဂ၏ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ လူကုန်ကူးမှုတိုက်ဖျက်ရေး နောက်ဆက်တွဲ စာချုပ်ရည်ရွယ်ချက်များကို ဆန့်ကျင်ရာရောက်သဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အလေးအနက် ကန့်ကွက်ကြောင်း တင်သွင်းပြီး ထိထိရောက်ရောက် ကာကွယ်ခဲ့ရကြောင်း။

စွပ်စွဲပြောဆို

မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိခိုက်နစ်နာမည့် ကိစ္စရပ်များကို အစိုးရနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက ကာကွယ်စောင့်ရှောက်နေသည်ကိုမသိရှိဘဲ HIV/AIDS ရောဂါ ကူးစက်ပြန့်ပွားခြင်းများထိန်းချုပ်နိုင်မှုမရှိဘဲ အခြားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာနိုင်ကြောင်း၊ လူကုန်ကူးမှုကိစ္စရပ်များဆောင်ရွက်သော နိုင်ငံဖြစ်ကြောင်း စွပ်စွဲပြောဆိုခြင်း အပါအဝင် ဝေဖန်စွပ်စွဲချက်များဖြင့် အမေရိကန်နိုင်ငံမှ ဦးဆောင်ပြီး ဆန့်ကျင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ စွပ်စွဲချက်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပေးရန် ကြိုးစားဆောင်ရွက်နေကြသည်ကိုလည်းကြားသိနေရကြောင်း။

ယခုလို စွပ်စွဲပြောဆိုနေချိန်တွင် မိမိတို့ မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြလိုကြောင်း၊ ရှေးယခင်က မကွေးတိုင်းနှင့် ဝန်းကျင်ဒေသသည် မိုးခေါင်ရေရှားဒေသဟု အမည်နာမ တွင်ခဲ့ရာမှ မျက်မှောက်ခေတ်၌ တပ်မတော်အစိုးရက **“ရေမရှား–ငွေမရှား ဖွံ့ဖွံ့ထွားထွား မြေလတ်သားကြီး”** ဖြစ်အောင် ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်ကြောင်း၊ မိုးမရ၍ ပျိုးမလှ မဖြစ်စေရ၊ မိုးခေါင်၍ ပျိုးမအောင် မရှိစေရ၊ လှသထက်လှ၍ ကူညီဖြည့်ဆည်း ပေးခဲ့ပုံများမှာ စိုက်ပျိုးရေ ရရှိရေးကို ဆည်အစုအဖွဲ့များအဖြစ် တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ဆည်၊ ချောက်မြို့နယ် စလေပခန်းငယ် မြစ်ရေတင်လုပ်ငန်း၊ အောင်လံမြို့နယ် ဒုရင်ဗိုလ်မြစ်ရေတင်လုပ်ငန်းတို့မှ အစပြု၍ စဉ်ဆက်မပြတ် တည်ဆောက်ပေးခဲ့ရာ ယခု ၂၀၀၆ခုနှစ်တွင် အစိုးရ ဆည်တာတမံပေါင်း၅၀၊ မြစ်ရေတင်လုပ်ငန်း ၅၁ခုတို့မှ စိုက်ပျိုးမြေ ၄၂၁၅၂၁ဧကကို ရေပေးဝေ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်ကထက် စိုက်ပျိုးမြေဧရိယာ ၅၂၇၄၀ဧကေ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ယခုကဲ့သို့ ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မကွေးဒေသ၏ ဆန်ဖူလုံမှုမှာ ၂၀၀၃– ၂၀၀၄ခုနှစ်တွင် ၇၀ဒသမ၁၄ ရာခိုင်နှုန်း ၊ ၂၀၀၄–၂၀၀၅ခုနှစ်မှ ၈၃ဒသမ ၉၁ရာခိုင်နှုန်းနှင့် ၂၀၀၅–၂၀၀၆ ခုနှစ်မှ ၉၄ဒသမ ၆၁ရာခိုင်နှုန်းအထိ အဆင့်ဆင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ အကျိုးခံစားနေရပြီးဖြစ်ကြောင်း။

စံချိန်တင်ရပ်တည်

ထို့အပြင် မြန်မာနိုင်ငံ၏ဆီအိုးကြီးအဖြစ် ဆက်လက်၍ စံချိန်တင် ရပ်တည်လျက်ရှိရာ ဆီဖူလုံမှု ၄၂၉ရာခိုင်နှုန်းရှိပြီး ပြည်ထောင်စု ဆီလိုအပ်ချက်၏ ၄၂ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သည်ထိ စိုက်ပျိုးထုတ်လုပ်နေသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း၊ သစ်တောပြုစုပျိုးထောင်မှုကဏ္ဍမှာ လက်ရှိသစ်တောကြိုးဝိုင်း ဧရိယာဧက ၃၈၈၀ မှ သစ်တောစိုက်ခင်း ထူထောင်ခြင်း ၁၉၂၉၂၂ဧက အပါအဝင် သစ်ဆိမ့်စိုက်ခင်းဧက ၁၅၀၀၊ ထင်းစိုက်ခင်းဧက ၅၁၇၉၀၊ သဘာဝသစ်တောထိန်းသိမ်းခြင်း ၅၄၃၉၃၁ဧက၊ ရေကန်ငယ်တူးဖော်ခြင်း ၅၁၀၊ နန်းတားဆည် ၂၉၇ဒသမ၃ခု၊ မြေအောက်ရေတူးဖော်ခြင်း၂၆ခုကိုဆောင်ရွက်နိုင်ခဲ့သဖြင့် ပို၍လှလာသော မိမိတို့မကွေးဖန်ခါးမြေဒေသသည် စိမ်းလန်းမွေးပျံ့စိုပြည်နေပြီဖြစ်ပါကြောင်း၊ထပ်မံ၍ ဇီဝလောင်စာဆီထုတ်လုပ်နိုင်ရန် ခြံစည်းရိုးကြက်ဆူပင် လျာထားဧက၃၀၀၆၇၃ ဧကကို ယခုစိုက်ပြီး ၂၃၆၈၅၈ဒသမ ၅၀ဧကရာခိုင်နှုန်းအားဖြင့် ၇၈ဒသမ၇၈ ရအောင် စိုက်ပျိုးလျက်ရှိရာ မိမိတို့မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှလည်း အခြားလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍများကိုလည်း ဆက်လက်တင်ပြလိုကြောင်း၊ နိုင်ငံတော်မှ မကွေးတိုင်း၏ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်ကူး တံတားကြီးနှစ်စင်းဖြစ်သော ချောက်မြို့နယ်၊ ချောက်–ဆိပ်ဖြူလမ်းပေါ်ရှိ အနော်ရထာတံတား၊ မကွေး–မင်းဘူးလမ်းပေါ်ရှိ ဧရာဝတီတံတား(မကွေး)၊ ဂန့်ဂေါမြို့နယ် ကလေး–ဂန့်ဂေါလမ်းပေါ်ရှိ လောင်ဂတ်ချောင်းကူးတံတား၊ အထက်မင်းလှမြို့နယ် ပုသိမ်–မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတား စသည့် အထူးစီမံကိန်းဝင် တံတားကြီးလေးစင်းအပါအဝင် ပေ၁၈၀အထက် တံတားကြီး၁၂စင်းဖောက်လုပ်ပေးခဲ့ပြီဖြစ်သည့်အတွက် ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သော ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများသည် မျက်မှောက်ခေတ်၌ အရှေ့ဘက်ခြမ်းဒေသများနှင့် အိမ်ဦးနှင့်ကြမ်းပြင် တစ်တန်းတည်းယှဉ်ပြိုင် ပန်းဝင်နိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီဆိုသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်

မကွေးတိုင်းကို ဗဟိုပြု၍ အနောက်ဘက်ဒေသများသို့ ရထားလမ်းကြောင်းတစ်ကြောင်းအဖြစ် ချောင်းဦး–ပခုက္ကူ၊ ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းတစ်ခု ဖြာထွက်လာခဲ့ကြောင်း၊ ယင်းရထားလမ်းကြီးသည် ကလေးမှတမူး၊ ထိုမှတစ်ဆင့် အိန္ဒိယနယ်စပ်အထိ ဆက်စပ်ကူးသွားနိုင်မည့် အလားအလာကောင်းများ ရှိနေမည်ဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးအနေဖြင့်လည်း ယခင်က မကွေး၊ ဂန့်ဂေါ၊ ဆော၊ ထီးလင်း၊ လမ်းရွာ၊ ပေါက်၊ စေတုတ္တရာ စသည့်လေယာဉ်ကွင်းများသာရှိခဲ့ရာ အပေါ့စား လေယာဉ်ငယ်များသာ ဆင်းသက်နိုင်ခဲ့ရာမှ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရန် ၆–၃–၂၀၀၃ရက်၌ မကွေးလေယာဉ်ကွင်း၊ ၁၀–၇–၂၀၀၄ရက်၌ ကျောက်ထုလေယာဉ်ကွင်း၊ ၅–၉–၂၀၀၄ရက်၌ ပခုက္ကူလေယာဉ်ကွင်းများကို အသစ်တည်ဆောက် ဖောက်လုပ်ပေးထားသဖြင့် မိမိတို့မကွေးတိုင်းသည် အမိနိုင်ငံတော်၏ရင်ခွင်၌ တလူလူ တလွင့်လွင့် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်ဖြင့် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှာ အံ့မခန်းပင်ဖြစ်ပါကြောင်း။

မိမိတို့ မကွေးဒေသမှာ ပြန့်ကျဲနေသော စက်မှုလက်မှုလုပ်ငန်းများကို စုစည်း၍ ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်တို့ကို ထူထောင်ခဲ့ပြီး စက်ရုံအလုပ်ရုံများ လည်ပတ်လျက် ရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း၊ ရေနံချောင်းစက်မှုဇုန်ထုတ် စတားနှစ်ဘီးမော်တော်ဆိုင်ကယ်နှင့် ပြိုင်မြင်း သုံးဘီးမော်တော်ဆိုင်ကယ်၊ ရွှေနံ့သာဂျစ်ကား၊ ပင်းမြန်မာဂျစ်ကား၊ ပခုက္ကူ ဂျစ်ကားတို့မှာ အထူးလူကြိုက်များလျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ယခုနှစ်တွင် ပခုက္ကူစက်မှုဇုန် ၁၃၆ စီးထုတ်လုပ်နိုင်ခဲ့ပြီး တန်ဖိုးကျပ်သန်း ပေါင်း ၇၈၇ဒသမ၅သန်းထုတ်လုပ် နိုင်ခဲ့ပြီး ရေနံချောင်းစက်မှုဇုန်မှ နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် ၂၅၀၀ ကျော် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းပေါင်း ၂၁၁၅ကို နိုင်ငံပိုင်စက်ရုံအလုပ်ရုံပေါင်း ၆၄မှ စက်မှုကဏ္ဍတစ်ခေတ်ပြောင်း ရေး လက်တွဲလမ်းပြပေးလျက်ရှိကြောင်း။

ရေလို လလိုအေးမြ

မကွေးတိုင်း၏ စက်မှုကဏ္ဍ တစ်ခေတ်ပြောင်းအောင် ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားဖြင့် ထွန်းကားအောင် ဖော်ဆောင်ပေးထားသည်မှာ ယခင် မုန်းချောင်းကို ယခုအပြုံးချောင်းဖြစ်အောင် ဖန်တီးပြီး ဒေသခံပြည်သူများအပေါ် ရေလိုလလိုအေးမြစေခဲ့ပြီးဖြစ်ကြောင်း၊ နေအသွင် လအသွင် အလင်းရောင်ဆင်ပေးခဲ့ပြီဖြစ်ကြောင်း၊ မုန်းချောင်းဘက်စုံစီမံကိန်းကို စွယ်စုံရနှစ်ဖက်လှဖြစ်အောင် ရေ့ဆောင်လမ်းပြ အသုံးချခဲ့၍ ဓာတ်အားသုံးစွဲမှုယူနစ်ပေါင်း သန်းပေါင်း ၅၂၇ဒသမ၄၅၇ အထိသုံးစွဲနိုင်ခဲ့ပြီး မုန်းချောင်းရေအားလျှပ်စစ်စက်ရုံမှ ၇၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး စွမ်းအင်ကဏ္ဍမှာလည်း ယခင်ကရှိသည့် ရေနံမြေ ၁၀ခုကို အားဖြည့်လုပ်ဆောင်လုပ်ပြီး နောက်ထပ်ရေနံမြေ သုံးခုကို ဖော်ထုတ်နိုင်ခဲ့သဖြင့် အရာတော်၊ ချောက်၊ လမ်းရွာ၊ ရေနံချောင်း၊ မန်း၊ ရေနံမထောက်ရှာပင်၊ ကမ်းနီ၊ ပတ်ပယ်၊ ကျောက်ခွက်၊ လက်ပံတို၊ သာကြီးတောင်နှင့် စံပယ်ရေနံမြေတို့သည် မကွေးတိုင်းမှနေ၍ နိုင်ငံစီးပွားကြီးထွားအောင် အထောက်အကူပြုလျက် ရှိနေပြီဖြစ်ကြောင်း။

မကွေးတိုင်းတွင် ပညာရေးကို မိမိတို့ဒေသမှာ အလွယ်တကူ သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ စုစုပေါင်း ၁၄ခုထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး နှစ်စဉ် ကျောင်းသားငါးသောင်းခုနစ်ထောင်ကျော် သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု မြင့်တက်နိုင်ရန် အခြေခံကျန်းမာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်နှင့် နည်းပညာကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခုတို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၍ ဆေးတက္ကသိုလ်မှ ၁၉၈ဦး၊ နည်းပညာကောလိပ်မှ ၃၀၃ဦး၊ ကွန်ပျူတာကောလိပ်မှ ၂၂၄ဦး၊ အခြေခံကျန်းမာရေးတက္ကသိုလ်မှ ၁၃၀၊ ပညာရေးကောလိပ်မှ ၃၀၃ဦးတို့ကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းပေါင်း ၇၂ကျောင်း၊ အလယ်တန်းကျောင်း ၁၈၈ကျောင်း၊ မူလတန်းကျောင်း ၃၆၁၂ကျောင်းတို့တွင် ကျောင်းသားပေါင်း လေးသိန်း ခြောက်သောင်းကျော် ပညာသင်ကြားလျက်ရှိသဖြင့် မကွေးတိုင်း၏ ပညာဆီးမီး ထိန်ထိန်ညီးလျက်ရှိပုံကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီးဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံနိုင်မှုကိုလည်း ၇၀ဒသမ၉၈ ရာခိုင်နှုန်းရသည်အထိ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ အပါအဝင် အခြားလူမှုရေးအသင်းအဖွဲ့များ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်ပေး နိုင်ခဲ့သည်ကိုလည်း အလေးထားတင်ပြလိုကြောင်း။

မိမိတင်ပြခဲ့သည့်အတိုင်း စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်နေပြီး စီးပွားရေးအခြေခံကောင်းများ ရရှိနေရာမှ စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့လျှင် အလုပ်လက်မဲ့များ ဖြစ်လာဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက အလေးအနက်ထား ကန့်ကွက်နေခြင်းဖြစ်ကြောင်း။

အလေးအနက်ယုံကြည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုများ၊ အမျိုးသမီးများဘဝ လုံခြုံရေး၊ စော်ကားမခံရအောင် လူကုန်ကူးမှုမခံရအောင် ဆောင်ရွက်ပေးနေခြင်းကြောင့် မိမိတို့အမျိုးသမီးထုကြီးတစ်ရပ်လုံးသည် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးနှင့်အတူ အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာရှေးရှုသည့် အခြေခံမူလေးချက်ကို အောင်မြင်အောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မိမိတို့ မကွေးတိုင်း၊ အမျိုးသမီးရေးရာအဖွဲ့မှ အလေးအနက်ယုံကြည်ပါကြောင်း၊ ယခုလို ကောင်းမြတ်မှန်ကန်သော ရည်ရွယ်ချက်များဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရှင်သန်လုံခြုံရန် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မကွေးတိုင်းအတွင်းမှ နိုင်ငံတော်အဆင့်ပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိကြသူ အမျိုးသမီးများနှင့် တိုင်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသူများက ပြည်တွင်းဖြစ်အထည်ဖြင့် ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပျူယဉ်ကျေးမှုအကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

8-7 (07).p65 1 1/10/32, 9:57 PM

စာမျက်နှာ ၃ မှ

သတင်းစာဆရာကြီးများ၏ ကရင်ပြည်နယ် သံတောင်မြို့နယ် သပြေညွှန့်ကျေးရွာ လေ့လာရေးခရီးစဉ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကြီးငူဒေသနှင့် ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာ လေ့လာရေးခရီးစဉ်များမှ မျက်ဝါးထင်ထင် မြင်တွေ့ကြရပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေသည်ကို လယ်ပြင်မှာဆင်သွားသလို ထင်ထင်ရှားရှား တွေ့မြင်ကြားသိနေရသော်လည်း အာဏာကို ဖြတ်လမ်းက ရယူလိုကြသူများက အနီးအဝေး၊ အတွင်းအပြင် ပေါင်းပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးအောင် ပိတ်ဆို့မှုအမျိုးမျိုးဖြင့် ကြံစည်လုပ်ကိုင်လာကြကြောင်း၊ ပြည်သူ့တပ်မတော်နှင့် တိုင်းရင်းသားများ၏ ညီညွတ်သည့်အင်အားကြောင့် ထင်သလိုခြယ်လှယ်ခွင့် မကြုံသည့်အခါတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်ရန် ကြံစည်လာခဲ့ကြကြောင်း။

ပုံကြီးချဲ့သတင်းထုတ်လွှင့်

မိမိတို့ ဒေသခံတိုင်းရင်းသားများကို မျိုးဖြုတ်စစ်ဆင်ရေးများ ပြုလုပ်နေကြောင်း၊ ကျေးရွာများကိုဖျက်ဆီးပြီး အဓမ္မပြောင်းရွှေ့နေရာချထားရန် ပြည်ပကို ဒုက္ခသည်များ ထွက်ပြေးပြောင်းရွှေ့နေကြရသည်။ တရားဥပဒေကို မျက်ကွယ်ပြုပြီး အဓမ္မပြုမူနေသည်။ မူးယစ်ဆေးဝါးကိစ္စ၊ HIV/AIDSကိစ္စနှင့် လူကုန်ကူးမှုကိစ္စများကို ထိထိရောက်ရောက် ဆောင်ရွက်မှုမရှိဘူး၊ ဘာသာရေးနှင့် လူမှုရေးကိစ္စများမှာ ကန့်သတ်ချုပ်ချယ်နေသည် စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုး တပ်ပြီး စွပ်စွဲလာကြပြန်ကြောင်း၊ သတင်းမီဒီယာပေါင်းစုံကို အသုံးချပြီး ပုံကြီးချဲ့ထုတ်လွှင့်နေကြကြောင်း။

မိမိတို့ ကရင်ပြည်နယ်သည် လူဦးရေစုစုပေါင်း ၁၆ သိန်းကျော်ရှိပြီး ကချင်၊ ကယား၊ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းစသည့် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေး တစ်ခုပင်ဖြစ်ကြောင်း၊ ယင်းတိုင်းရင်းသားများအနက် ကရင်တိုင်းရင်းသားများက ၅၉ ရာခိုင်နှုန်း၊ မွန်နှင့် ဗမာတိုင်းရင်းသားများက ၁၂ ရာခိုင်နှုန်းကျော် ပါဝင်နေကြောင်း၊ မိမိတို့ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာများအထိ ပြည်နယ်အနှံ့ ဖွဲ့စည်းဆောင်ရွက်နေခဲ့ကြောင်းကို တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်နယ်နှင့် ဒေသအနှံ့၌ နေထိုင်နေကြသော်လည်း တိုင်းရင်းသားပေါင်း စုံစုံလင်လင်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကယ်၍သာ တိုင်းရင်းသားများကို မျိုးဖြုတ်စစ်ဆင်ရေးများ ပြုလုပ်နေကြောင်း၊ ကျေးရွာများကို ဖျက်ဆီးပြီး အဓမ္မပြောင်းရွှေ့နေရာချထားနေသည်ဆိုသည့် စွပ်စွဲချက်များသာ မှန်ကန်မည်ဆိုလျှင် ဒေသခံအမျိုးသမီးရေးရာအဖွဲ့ဝင်များမှ ကိုယ်တိုင်သိရှိ၊ ကိုယ်တိုင်ခံစားကြရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ယခုအချိန်အထိ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ တင်ပြခြင်း၊ သတင်းပို့ခဲ့ခြင်းမရှိခဲ့သကဲ့သို့ ကူညီဖြေရှင်းပေးရခြင်း မရှိသေးသည့်အတွက် ယင်းစွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်းနှင့် လုပ်ကြံဖန်တီး အကွက်ဆင်စွပ်စွဲခြင်းသာဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

သတင်းအမှားများ

မိမိတို့ မြန်မာနိုင်ငံ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် နိုင်ငံတော်နှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နေကြသော်လည်း လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူ လက်တစ်ဆုပ်စာမျှ ကျန်ရှိနေပါသေးကြောင်း၊ ၎င်းတို့သည် နယ်စပ်ဒေသအစွန်အဖျား၌ ခိုအောင်းလှုပ်ရှားပြီး ကြိုးကိုင်ခြယ်လှယ်သူ နိုင်ငံကြီးများ၏ အလိုကျ ကပြနေကြရကြောင်း၊ မြေပေါ်မြေအောက်၊ အတွင်းနှင့်အပြင် ချိတ်ဆက် ဆောင်ရွက်လျက်ရှိရာတွင် အဆိုးရွားဆုံးမှာ ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် နေရာအနှံ့ ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက် အဖျက်သမားများကို သင်တန်း များပေးပြီး ပြည်တွင်းသို့စေလွှတ်ခြင်းများကို တစိုက်မတ်မတ် ဆောင်ရွက် လျက်ရှိကြောင်း၊ KNU သောင်းကျန်းသူများ၏လူမဆန်သည့် ရက်စက်ယုတ်မာမှုကို ကရင်ပြည်နယ်၊ ဘားအံမြို့ မျောက်မင်းအားကစားပစ္စည်းဆိုင် ဗုံးပေါက် ကွဲမှုကြောင့် အပြစ်မဲ့ကျောင်းသားလေးများ သေကျေဒဏ်ရာရခဲ့သည်ကို မိမိတို့ ရင်နာစွာ တွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ အဖျက်လုပ်ရပ်များကို အစဉ်တစိုက် ဆောင်ရွက်နေသည့် KNUလက်တစ်ဆုပ်စာကို လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးအတွက် တပ်မတော်၏ဆောင်ရွက်ချက်များအပေါ် ၎င်းတို့ ကြိုတင်ဇာတ်တိုက် ထားသည့်အတိုင်း လူမျိုးတုံးသတ်ဖြတ်သည်၊ ကျေးရွာများ အတင်းအဓမ္မပြောင်းရွှေ့သည်၊ ရွာသူရွာသားများဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရသည် စသဖြင့် သတင်းမှားများ ထုတ်လွှင့်နေကြခြင်းပင်ဖြစ်ကြောင်း။

မိမိတို့ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ၁၆ သိန်းကျော်တွင် ဗုဒ္ဓဘာသာဝင် ၈၄ရာခိုင်နှုန်းကျော်၊ ခရစ်ယာန် ကိုးရာခိုင်နှုန်းကျော်၊ အစ္စလာမ် ငါးရာခိုင်နှုန်းကျော် ကိုးကွယ်ကြကြောင်း၊ ဘာသာရေးအဆောက်အအုံများအနေဖြင့် ဘုန်းကြီးကျောင်း ၁၂၀၀ ကျော်၊ ခရစ်ယာန်ဘုရားကျောင်း ၃၄၀ ကျော်၊ အစ္စလာမ်ဗလီ ၆၀ ကျော် တည်ရှိနေကြောင်း၊ ယင်းအခြေအနေများကို နှိုင်းယှဉ်ကြည့်လျှင် ဗုဒ္ဓဘာသာဝင် ၁၀၆၀ သည် ဘုန်းကြီးကျောင်း တစ်ကျောင်းနှုန်း၊ ခရစ်ယာန်ဘာသာဝင် ၄၃၆ ဦးသည် ဘုရားကျောင်း တစ်ကျောင်းနှုန်း၊ အစ္စလာမ်ဘာသာဝင် ၁၃၀၀ သည် ဗလီတစ်လုံးနှုန်းရှိနေခြင်းကြောင့် ဘာသာရေးအဆောက်အအုံတည်ရှိမှုသည် ကွာဟမှုမရှိကြောင်း သိသာပါကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ အပါအဝင် လူမှုရေးအသင်းအဖွဲ့ အသီးသီးကို သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီလျှင် မည်သည့် ဘာသာကိုးကွယ်သူကိုမဆို ဝင်ရောက်ခွင့်ပြုထားသကဲ့သို့ ဌာနဆိုင်ရာ အသီးသီးမှာလည်း ဘာသာဝင်မျိုးစုံ အမှုထမ်းလျက်ရှိကြောင်း၊ မိမိတို့ကိုးကွယ်သည့် ဘာသာနှင့် တိုင်းရင်းသားဓလေ့ထုံးတမ်းများအလျောက် ကျင်းပကြသည့် ဘာသာရေးပွဲတော်နှင့် အခမ်းအနားများ လူမှုရေးပွဲလမ်းများကိုလည်း လွတ်လွတ်လပ်လပ် ကျင်းပနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကိုးကွယ်ရာဘာသာဝင် အသီးသီးကလည်း ဘာသာရေးအဓိကရုဏ်းများ၊ လူမှုရေးအဓိကရုဏ်းများနှင့် နိုင်ငံရေးအမြတ်ထုတ်မှုများ မဖြစ်ပေါ်အောင် မိမိတို့ဘာသာအလိုက် အေးချမ်းစွာ ကိုးကွယ်လျက်ရှိကြသည့်အတွက် ဘာသာရေးလူမှုရေးတို့၌ ကန့်သတ်ချုပ်ချယ်နေသည်ဆိုသည့် စွပ်စွဲချက်သည် လုံးဝမှားယွင်းကြောင်း ကရင်ပြည်နယ်အမျိုးသမီးထုကိုယ်စား ပြောကြားလိုကြောင်း။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် အမှတ် ၂၂ သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာနေ ဗိုလ်မှူးကြီးမြမောင်(ငြိမ်း)-ဒေါ်တင်မိုးရီ မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ(မြန်အောင်)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ပညာပေးဆွေးနွေး

မိမိတို့ ကရင်ပြည်နယ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း လူဦးရေ၄၅၇၃၁ ဦးကို လူကုန်ကူးမှုနှင့်ပတ်သက်ပြီး ပညာပေးဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၁၆၁၀၃ ဦးကို တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ခြင်းမှ တားဆီးပြန်လွှတ်နိုင်ခဲ့ကြောင်း၊ ၂၃ ဦးကိုမူ မိဘရပ်ထံ စနစ်တကျပြန်လည် အပ်နှံနိုင်ခဲ့ကြောင်း၊ ဥပဒေအရ လူကုန်ကူးမှု ၈၂ မှုကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံ ၁၂၇ဦးကို အပြစ်ပေး အရေးယူခဲ့ကြောင်း။

လူကုန်ကူးခံရသူများအတွက် မြဝတီမြို့၌ လက်ခံရေးစခန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး UNIAP, Safe the Children (UK),World Vision စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူကုန်ကူးခံရသူများကို လက်ခံခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်းနှင့် ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ လူမှုဝန်ထမ်းဖွံ့ဖြိုးရေး ဌာနလက်အောက်ရှိ Kredtrakam အမျိုးသမီးဂေဟာ၌ ထိန်းသိမ်း စောင့်ရှောက်ထားသည့် မြန်မာအမျိုးသမီးများကို မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်သွယ်ပြီး မြဝတီမြို့ ချစ်ကြည်ရေးတံတား၌ ၂၀၀၅ ခုနှစ် ဇွန် ၂၂ ရက်မှ စတင်လွှဲပြောင်းပေးအပ်ခဲ့သည်မှာ ယခုဆိုလျှင် တတိယအကြိမ်ရှိသွားပြီး စုစုပေါင်း ၂၀ ကို စနစ်တကျ လက်ခံခဲ့ပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံခဲ့သည့် လူကုန်ကူးခံရသူများကို ရန်ကုန်မြို့ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်း၌ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများကို တစ်လတာသင်ကြားစေပြီး သင်တန်းပြီးဆုံးသည့်အခါ မိဘဆွေမျိုးများထံသို့ စနစ်တကျ ပြန်လည်အပ်နှံပေးကြရကြောင်း။

မိမိတို့ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ကျေးရွာများအထိ ကွင်းဆင်းပြီး လူကုန်ကူးမှုဆိုင်ရာ ပညာပေးဇာတ်ကားများ ပြသခြင်း၊ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ စာအုပ်နှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ဖြားယောင်းသိမ်းသွင်း

မိမိတို့၏ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့လာသည်နှင့်အတူ စီးပွားရေးတိုးတက်လာမှုတို့ကြောင့် မိမိတို့မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီးဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံအေးချမ်းမှုလည်း မိမိတို့အမျိုးသမီးများ၏ဘဝ လုံခြုံအေးချမ်းမည်ဖြစ်ကြောင်း။

သို့ပေမယ့် မိမိတို့အလိုကျ ရုပ်သေးအစိုးရတင်မြှောက်လိုသည့် အင်အားကြီးနိုင်ငံအချို့သည် အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့ခြင်း၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်နေသည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို အားပေးထောက်ခံခြင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအမည်ခံပြယုဂ်ဖြင့် မမှန်သတင်းအမျိုးမျိုးလွှင့်ကာ လှုံ့ဆော်နေခြင်းတို့ကြောင့် မြန်မာအမျိုးသမီး အပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဘဝလုံခြုံမှုအတွက် စိုးရိမ်မကင်းဖြစ်လာမိကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေးအတွက် ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းကစတင်ပြီး တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ လက်တစ်ဆုပ်စာ လူနည်းစုနှင့်ပူးပေါင်းပြီး သတင်းများ ဖန်းတီးလုပ်ကြံကာ အစီရင်ခံစာ၊ စာတမ်းများအမျိုးမျိုးနှင့် ကုလသမဂ္ဂအဖွဲ့အစည်း၏ ဂုဏ်သမာဓိယိုင်နဲ့လာအောင် ဖြားယောင်း သိမ်းသွင်းလျက်ရှိကြကြောင်း။

ယခုကဲ့သို့ မဟုတ်မမှန်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအားလုံး၏ ကိုယ်စားပြုသူများ စုစုပေါင်းသည် မိမိတို့ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ အင်အားသုံးပုံတစ်ပုံမျှပင်ရှိမည် မဟုတ်ကြောင်းပင် သေချာပါကြောင်း၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ကြံဖန်တီးထားသည့် စာတမ်းများ၏ သတင်းဖြစ်စဉ် နောက်ကြောင်းအခြေခံများကို သေချာစွာ လေ့လာသုံးသပ်ပြီးမှ မှန်မှန်ကန်ကန် ရပ်တည်ပေးနိုင်ပါရန် ကုလသမဂ္ဂအဖွဲ့ကြီးကို မိမိတို့ ကရင်ပြည်နယ် အမျိုးသမီးထုကြီးက တောင်းဆိုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

တောင်ကြီး ပညာရေးကောလိပ် ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို တောင်ကြီး ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ဇွန် ၁၅ ရက်တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီး ပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာန ဌာနမှူး ဒေါက်တာ အောင်ကျော်ထွဋ်နှင့် နည်းပြများ၊ ဦးစီးမှူး ဦးစိုင်းဖေသိန်းနှင့်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားသင်တန်းသူများ စုစုပေါင်း ၁၂၀ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း သင်တန်း ဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကြာမြင့်ခဲ့

သင်တန်းသို့ ကွန်ဟိန်း၊ ကလော၊ ရွာငံ၊ လင်းခေး၊ မိုင်းရှူး၊ တောင်ကြီး မြို့နယ်တို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် ပညာရေးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

ဟောပြော

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာန ဌာနမှူး ဒေါက်တာ အောင်ကျော်ထွဋ်သည် ဇွန် ၁၆ ရက်တွင် တောင်ကြီး ပညာရေးကောလိပ်၌ ပညာသင်ကြားနေသော သင်တန်းသူ၃၆၀အား "ကြက်ခြေနီအကြောင်း" နှင့် လူတိုင်းအတွက် "ရှေးဦးပြုစုခြင်း" ခေါင်းစဉ်ဖြင့် စာတွေ့၊ လက်တွေ့ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချထားပါကြောင်း၊ လူကုန်ကူးခြင်းကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်သည့် လူ့ပတ်ဝန်းကျင်၊ လူသားအချင်းချင်း ခေါင်းပုံဖြတ်ခြင်းကို လုံးဝသည်းမခံသည့် လူ့ပတ်ဝန်းကျင်တည်ဆောက်ရမှာဖြစ်ကြောင်း" ပြောကြားပြီး မြန်မာနိုင်ငံ၏ ရပ်တည်မှုကို အတိအလင်းကြေညာခဲ့ကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် လူကုန်ကူးခြင်း တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၂ခုနှစ် ဝန်းကျင်ကစတင်၍ အစိုးရဌာနများ၊ NGOs UN Agencies INGO များ ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအောက်မှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ၁၉၉၇ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၃မှ ၂၀၀၅ခုနှစ်အတွင်း ပညာပေးရေးလုပ်ငန်းအတွက် နယ်စပ်ဒေသ၌ ၇၈၈၃၉၆ဦးကို ပညာပေးခဲ့ပြီး ၁၉၅၃၅ ဦးတို့အား မိဘရပ်ထံ စနစ်တကျ ပြန်လည်အပ်နှံခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မှ ၂၀၀၅ခုနှစ်အထိ ဥပဒေအရအရေးယူမှုပြုခဲ့သော အမှုပေါင်း၆၇၇မှုတွင် လူကုန်ကူးခံရသူ ၃၄၇၃ဦးဖြစ်ပြီး၊ တရားခံ၁၃၆၅ဦးကို အရေးယူခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် INGOအဖွဲ့များ ဖြစ်သည့် UNIAP, SCUK, World Vision စသည့် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆုများချီးမြှင့်

ယင်းနောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ၂၀၀၄-၂၀၀၅ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူနှင့် ၂၀၀၅-၂၀၀၆ခုနှစ် ချင်းပြည်နယ် ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးအားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်

၉-၇-၂၀၀၆ ရက်နေ့ နှင့်

၃၀-၇-၂၀၀၆ ရက်နေ့

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကရင်ပြည်နယ်အတွင်း ထူးချွန်ဆုရ အမျိုးသမီး ၂၃ ဦးနှင့် အမျိုးသားတစ်ဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်
(အဖိတ်နေ့)

၈–၇–၂၀၀၆ရက်
(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာ ဓမ္မစကြာဝတ်အသင်း၏ ဓမ္မစကြာဒေသနာတော် (အမေး၊အဖြေ)
၈း၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၁၅ ၆။ အတီးပြိုင်ပွဲ
၈း၃၀ ၇။ International News
၈း၄၅ ၈။ Grammar made Easy
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **“Doraemon”**
၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဆည်းဆာ”** (အပိုင်း–၆)
၁၃း၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၂၅ ၈။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၄း၀၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၀ ၁၀။ **“အားနာလိုက်တာ”** (မော့စ်၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄း၃၀ ၁၁။ မူးယစ်ဒုက္ခ မပေါ့ဆနှင့်
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက–၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀ ၅။ ဝါဆိုလဘွဲ့တေးများ
၁၇း၁၀ ၆။ ဝါဆိုခြင်းပွဲတော်
၁၇း၃၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ Discovery
၁၈း၄၅ ၁၁။ မူဆယ်ခရိုင် ပေါ်ကြွယ်လှိုင်များဆင်းရွှေလီစပါး (အပိုင်း– ၂)
၁၉း၀၀ ၁၂။ နိုင်ငံခြား ဇာတ်လမ်းတွဲ **“ဖြူစင်မေတ္တာ”** (အပိုင်း–၁၁)
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ သတ္တဌာန ခုနစ်ပတ်ဖြစ်စဉ် ဗုဒ္ဓဝင်
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့) မှ အင်အား ၈၄၈ ဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာ

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အဖွဲ့ဝင်အချို့

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီးအင်အား ၈၄၈ဦးအနက်မှ အဖွဲ့ဝင်အချို့အား လက်နက်မျိုးစုံနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

NLD.... သို့မဟုတ် လူတစ်ဦးတည်း၏အကျိုးစီးပွားကို ကာကွယ်ပေးနေသောပါတီ

ဘကြီးဖြိုး– လာဟေ့၊ ဘယ်ပျောက်နေတာလဲ၊ မတွေ့ရတာကြာနေပြီပဲ၊ ခြံထဲက ခူးထားတဲ့ ဒူးရင်းသီးနဲ့ မင်းကွတ်သီးတွေရှိတယ်၊ ရေနွေးလဲအဆင်သင့်ပဲ၊ သုံးဆောင်စမ်းပါဦး။

(သိမ်း) – ကျွန်တော် ကော့သောင်းဘက် ခရီးလွန်နေလို့ ဦးလေးနဲ့ မတွေ့တာပါ၊ မိုးဦးကျ သီးနှံတွေဆိုတော့ သိပ်ကောင်းမှာပေါ့၊ ကျေးဇူးပဲ သုံးဆောင်ပါ့မယ်။

(ဖြိုး) – ဒါနဲ့ မင်းကိုရောက်ရောက်ချင်း ပြောရဦးမယ်၊ လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့မှာ ကျင်းပတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီရဲ့ သတင်းစာရှင်းလင်းပွဲ အမှတ်(၄/၂၀၀၆)မှာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **NLD ပါတီအနေနဲ့ အမိန့်ဟူသမျှ ဆန့်ကျင်ရေး ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နဲ့ နိုင်ငံတော်ကို ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ တိုင်းပြည်နဲ့လူမျိုးကို ဘယ်လိုမှအကျိုးမပြုတဲ့ မှားယွင်းတဲ့ ဝါဒတွေနဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တယ်။ ဒါ့ပြင် NLD ပါတီဟာ ပြည်ပြေးအဖွဲ့တွေ အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားတွေနဲ့လဲ ဆက်စပ်ပတ်သက်မှုတွေရှိတယ်။ ဒါကြောင့် NLD ပါတီကို မတရားအသင်းကြေညာနိုင်ဖို့ ခိုင်လုံတဲ့အထောက်အထားများကို နိုင်ငံတော်အစိုးရမှာ ရရှိပြီးသားဖြစ်တယ်** စသည်ဖြင့် ပြောဆိုခဲ့တာ ကြားရတယ်။

(သိမ်း) – ဟုတ်ပါတယ်။ ကျွန်တော်လဲ ကြားခဲ့ရတယ်။

(ဖြိုး) – ယခုဝန်ကြီးပြောသွားခဲ့တဲ့ **NLD ပါတီဟာ ပြည်ပြေးအဖွဲ့တွေ အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားတွေနဲ့လဲ ဆက်စပ်ပတ်သက်မှုတွေ ရှိပါတယ်** ဆိုတဲ့ ပြောဆိုချက်နဲ့ပတ်သက်ပြီး ယခင်ကကော NLDပါတီဟာ အခုလို တရားမဝင်အဖွဲ့အစည်းတွေနဲ့ ဆက်စပ်ပတ်သက်မှုတွေ ရှိခဲ့ဖူးလား။

(သိမ်း) – ရှိခဲ့ဖူးတယ် ဦးလေး။

(ဖြိုး) – ရှိခဲ့ဖူးတယ်ဆိုရင် ပြည်သူတွေ လေ့လာသိရှိနိုင်ဖို့ ပြောပြပေးပါလား။

(သိမ်း) – ဟုတ်ကဲ့ ပြောပြပေးပါ့မယ်။ လွန်ခဲ့တဲ့ ၂၀-၇-၈၉ ရက်နေ့က သက်ဆိုင်ရာမှ သတင်းအရ NLDဒေါ်စုကြည်ရဲ့ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာမှာ တောတွင်းလက်နက်ကိုင် အဖွဲ့ အစည်းတွေနဲ့ တရားမဝင်အဖွဲ့အစည်းတွေက ပေးပို့ခဲ့တဲ့ စာတွေအပြင် ဒီအိမ်မှာတရားမဝင် လာရောက်နေထိုင်ကြတဲ့ လူ ၄၀ကိုပါ တွေ့ခဲ့ရတယ်။

(ဖြိုး) – ဆက်ပြောပါဦး။

(သိမ်း) – သက်ဆိုင်ရာက ရှာဖွေတွေ့ရှိခဲ့တဲ့ စာရွက်စာတမ်းများ အနက် ၂၃-၉-၈၈ ရက်စွဲနဲ့ ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်စုကြည်တို့ထံ လိပ်မူပြီး ပေးပို့ခဲ့တဲ့ KNU ဥက္ကဋ္ဌ စောဗိုလ်မြရဲ့ **တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ရာတွင် KNU အဖွဲ့မှ အစွမ်းကုန်ကူညီအားပေးသွားမည်ဖြစ်သည်** ဆိုတဲ့စာအပြင် ၁၉-၈-၈၈ ရက်စွဲပါ ဗကပ ဗဟိုကော်မတီရဲ့ ထုတ်ပြန်ကြေညာချက်နဲ့ ဗကပ ၄၈၂၈ ဒေသကော်မတီရဲ့ သဘောထားကြေညာချက် မိတ္တူကိုပါ ရှာဖွေတွေ့ရှိခဲ့တယ် ဦးလေး။

(ဖြိုး) – ဒီ အဖွဲ့အစည်းတွေအပြင် အခြားတရားမဝင် အဖွဲ့အစည်းတွေရဲ့ စာရွက်စာတမ်းတွေရော မတွေ့ခဲ့ရဖူးလား။

(သိမ်း) – တွေ့ခဲ့ရပါတယ်။ ABSDF ရဲ့ ဘုရားသုံးဆူ နယ်မြေကိုရောက်ရှိသွားခဲ့တဲ့ လူငယ်တစ်ဦးရဲ့ ၁၈-၉-၈၈ ရက်နေ့မှ ၁၆-၁၀-၈၈ ရက်နေ့အထိ ရန်ကုန်မြို့မှ KNU နယ်မြေသွား မှတ်တမ်းဒိုင်ယာရီ ၁၃-၈-၈၉ ရက်စွဲနဲ့ Democratic Student Front(DSF) India(Manipur) The Progressive Student Force for Democracy (PSFD)တိုးတက်သော ကျောင်းသားများ ဒီမိုကရေစီအင်အားစုမှ ပုဂ္ဂိုလ်တစ်ဦးရဲ့ ကိုယ်ရေးရာဇဝင် DSF အဖွဲ့ဝင်လေးဦး မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်မှု၊လက်ရှိနိုင်ငံရေးအခြေအနေအပေါ် သုံးသပ်ချက် DSF နဲ့ PSFD တို့ရဲ့သဘောထားတင်ပြချက်ဆိုတဲ့ စာရွက်စာတမ်းတွေလဲ တွေ့ခဲ့တယ် ဦးလေး။

(ဖြိုး) – သိပ်မကြာခင်က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခဲ့တဲ့ ABSDF အဖွဲ့က ပေးပို့ခဲ့တဲ့ စာတွေကော မတွေ့ခဲ့ရဖူးလား။

(သိမ်း) – တွေ့ခဲ့ရပါတယ်။ ABSDFအဖွဲ့ တပ်ရင်း၇၀၁ တပ်ရင်းမှူး သန်းထွန်းစိုးဆိုတဲ့ ပုဂ္ဂိုလ်က ဒေါ်စုကြည်ရဲ့ အနီးကပ်လုံခြုံရေးတာဝန်ကို ယူနေကြတဲ့ ကိုမော်နဲ့ကိုအောင်တို့ထံ ၇-၆-၈၉ ရက်စွဲနဲ့ စာတစ်စောင် ရေးသားပေးပို့ခဲ့တယ်။ ဒီစာထဲမှာ “သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ အစီအစဉ်ရှိကြောင်း၊ လောလောဆယ် တွေ့ခွင့်မရသေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ပြသဖို့အတွက် ဗီဒီယိုနဲ့ဓာတ်ပုံတွေကို ပေးပို့လိုက်ကြောင်း” စသည်ဖြင့် ပါရှိခဲ့တယ် ဦးလေး။

(ဖြိုး) – နောက်ထပ်ကော ရှိသေးလား။

(သိမ်း) – ရှိသေးတယ်။ ဒေါ်စုကြည်ရဲ့နေအိမ်ကို ရှာဖွေဖမ်းဆီးခဲ့ရာမှာ တွေ့ရှိခဲ့တဲ့ လူ ၄၀ အနက် ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဆိုရင် ABSDF အဖွဲ့ရဲ့ ထောက်ပံ့ရေးကော်မတီမှာ တွဲဖက်အတွင်းရေးမှူး တာဝန်ယူထားတဲ့ စိုးမြတ်သူဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီပုဂ္ဂိုလ်ဟာ ၁၉၈၈ခုနှစ် နိုဝင်ဘာလမှာ ABSDF အဖွဲ့က တာဝန်ပေးအပ်ချက်အရ ထိုင်းနိုင်ငံ

အောင်သိမ်း(ထားဝယ်)

ရနောင်းက တစ်ဆင့် ကော့သောင်းသို့ ကူးလာပြီး ကော့သောင်းမှတစ်ဆင့် ရန်ကုန်ကို ရောက်လာခဲ့တယ်။ ရန်ကုန်ကို ရောက်ရှိစဉ်မှာ ဒေါ်စုကြည်အပါအဝင် ကျောင်းသားခေါင်းဆောင်တွေ စစ်မှုထမ်းဟောင်း ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့ပြီးအစိုးရကို လက်နက်ကိုင်တော်လှန်ဖို့အတွက် ဒီပုဂ္ဂိုလ်ထံမှ အကြံဉာဏ်ရယူခဲ့တယ်။ နောက်သူဟာ ရန်ကုန်ကတစ်ဆင့် ဗန်ကောက်ကို ပြန်သွားခဲ့တယ်။ သောင်းကျန်းသူတွေရဲ့ ဦးသုတစခန်းမှာ ကျင်းပပြုလုပ်တဲ့ ABSDFရဲ့ ဗဟိုကော်မတီ အစည်းအဝေးအပြီးမှာ ဒီပုဂ္ဂိုလ်ဟာ KIA အဖွဲ့မှ ဘရန်ဆိုင်းနဲ့ တွေ့ဆုံခဲ့တယ်။ နောက် ရန်ကုန်ကိုပြန်လာပြီး ဒေါ်စုကြည်အိမ်မှာ နေထိုင်စဉ် ပြည်ပသံရုံးတွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားနေဆဲမှာ ယခုလို အဖမ်းခံခဲ့ရခြင်းဖြစ်တယ် ဦးလေး။

(ဖြိုး) – ABSDFအပြင် ဗကပတွေကော NLDနဲ့ မဆက်သွယ်ခဲ့ဖူးလား။

(သိမ်း) – ဆက်သွယ်ခဲ့တာပေါ့။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှာ ဗကပအဖွဲ့မှ ပေါလစ်ဗျူရို အဖွဲ့ဝင် ကျော်မြက ယူဂျီသက်ခိုင်ထံ စာတစ်စောင် ပေးပို့ခဲ့တယ်။ ဒီစာက ဗကပ ဗဟိုစစ်ဦးစီးဌာန ဗဟိုစစ်ကော်မရှင်မှ ပထမဒုတိယဥက္ကဋ္ဌ ကျော်ဇော(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော)က ဒေါ်စုကြည်ထံ ပေးတဲ့စာပါ။ ဒီစာထဲမှာ **ဗကပခေါင်းဆောင်များက စုကြည်ကို သဘောကျကြောင်း၊ သဘောထားချင်းတူညီကြောင်း၊ ပြည်တွင်းစစ်ရပ်စဲရေး၊ အမျိုးသားနိုင်ငံရေးရှင်သန်ရေး၊ ဒီမိုကရေစီ ထွန်းကားရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားဖို့လိုကြောင်း** စသည်ဖြင့် ရေးပြီးပို့ခဲ့တာ တွေ့ခဲ့ရတယ် ဦးလေး။

(ဖြိုး) – အမှန်က တရားဝင်နိုင်ငံရေးပါတီဖြစ်တဲ့ NLD ပါတီအနေနဲ့ အဖွဲ့စတင်ဖွဲ့စည်းကတည်းက ဥပဒေပြင်ပကိုရောက်ရှိနေတဲ့ တရားမဝင်အဖွဲ့အစည်းတွေနဲ့ လုံးဝမဆက်သွယ်သင့်ဘူး။ သူတို့က ဆက်သွယ်လာခဲ့ရင်လဲ လက်မခံဘဲ သက်ဆိုင်ရာထံ သတင်းပေးပို့ တင်ပြသင့်တယ်။ မင်းပြောတဲ့အတိုင်း မှန်ခဲ့မယ်ဆိုရင် NLDပါတီဟာ အရင်ကတည်းက ပြည်ပြေးအဖွဲ့တွေ၊ တရားမဝင်အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားတွေနဲ့ ဆက်စပ်ပတ်သက်မှုတွေ ရှိခဲ့တယ်လို့ ဆိုရမှာဖြစ်တယ်။

(သိမ်း) – ဟုတ်ပါတယ်။ ကျွန်တော် ခုတင်ကပြောခဲ့တာတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီမြေအောက် လှုပ်ရှားသူများက နိုင်ငံတော်အတွင်း ဆူပူလှုပ်ရှားမှုများ ဖန်တီးပြီး နိုင်ငံတော်အာဏာရယူနိုင်ရေးကြိုးပမ်းမှု၊ နိုင်ငံရေးပါတီအသီးသီးမှာ စိမ့်ဝင် ထိုးဖောက်နေရာယူမှုစတဲ့ ကိစ္စများနဲ့ စပ်လျဉ်းပြီး ၅-၈-၈၉ရက်နေ့က ကျင်းပပြုလုပ်တဲ့ အထူးသတင်းစာရှင်းလင်းပွဲမှာ တာဝန်ရှိပုဂ္ဂိုလ်ရဲ့ ရှင်းလင်းတင်ပြချက်တွေကို အခြေခံပြီးမှ ယခုလို ခိုင်ခိုင်လုံလုံပြောပြခဲ့တာ ဖြစ်ပါတယ် ဦးလေး။

(ဖြိုး) – နောက် အခု သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့တဲ့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ **NLD ပါတီကို မတရားအသင်းကြေညာနိုင်ဖို့ ခိုင်လုံတဲ့အထောက်အထားများကို နိုင်ငံတော်အစိုးရမှာ ရရှိပြီးသားဖြစ်တယ်** ဆိုတဲ့ ပြောဆိုချက်နဲ့ ပတ်သက်ပြီး ပြည်တွင်းမှာရော ပြည်ပမှာပါ အတော် ဂယက်ရိုက်မှုတွေရှိခဲ့တယ်။ ပြည်ပအသံလွှင့်ဌာနတွေဆိုရင် NLD ပါတီရဲ့ ရှေ့ရေးနဲ့ပတ်သက်ပြီး ပြည်ပရောက် ပြည်ပြေးအဖွဲ့က ပုဂ္ဂိုလ်တွေ ပြည်တွင်းက ကျောင်းသားခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ နေ့စဉ်ဆိုသလို **“ဗျူး”**နေတာ ကြားနေရတယ်။

(သိမ်း) – ဟုတ်ပါတယ်။ ကျွန်တော်လဲ ကြားခဲ့ရတယ်။ ပြည်တွင်းကဆိုရင် ၈၈ခုနှစ် မျိုးဆက်သစ်ကျောင်းသား တွေဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဝေဖန်ပြောဆိုမှုတွေက အကဲဆုံးပဲ။

(ဖြိုး) – ၈၈ခုနှစ် မျိုးဆက်သစ်ကျောင်းသားတွေဆိုတာ ၁၉၈၈ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(မြန်မာနိုင်ငံ)မှာ ပါဝင်ခဲ့တဲ့ အရေးအခင်းကာလမှာ ဗကပရဲ့ကြိုးကိုင်မှုနဲ့ ဆူပူလှုပ်ရှားခဲ့ကြလို့ ၁၉၈၉ခုနှစ် မတ်လနဲ့ဧပြီမှာ အဖမ်းခံရပြီး မကြာခင်က ထောင်မှလွတ်လာတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်လား။

(သိမ်း) – ဟုတ်ပါတယ်။

(ဖြိုး) – ငါသိသလောက် ဒီပုဂ္ဂိုလ်တွေဟာ တစ်ချိန်က ဗကပတွေရဲ့ ကြိုးကိုင်မှုနဲ့ မဆလအစိုးရကို ဆူပူလှုပ်ရှားဆန့်ကျင်ခဲ့ကြတယ်။ ယခုတော့ အနောက်အုပ်စုရဲ့ အားပေးမှုနဲ့ တပ်မတော်အစိုးရအပေါ် ပြည်သူလူထု အကြည်ညိုပျက်အောင် ပြင်ပ အသံလွှင့်ဌာနတွေနဲ့ ဆက်သွယ်ပြီး **“ဗျူး”** လုပ်ငန်းကို လုပ်ကိုင်နေကြတယ်။ ပြည်ပမှာရှိတဲ့ US Campaign for Burma အဖွဲ့က ဒါရိုက်တာတစ်ဦးဆိုရင် ဗကပအဖွဲ့က အမှုဆောင်ဟောင်းတစ်ဦး ဖြစ်ခဲ့တယ်လို့ သိရတယ်။

(သိမ်း) – ဟုတ်ပါတယ်။

(ဖြိုး) – ပြောရဦးမယ်။ ၂၀၀၆ခုနှစ် မေလ ၁၈ရက်နေ့မှာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးရဲ့ ဖိတ်ကြားချက်အရ ကုလသမဂ္ဂရဲ့ နိုင်ငံရေးရာဌာနမှ ဒုတိယ အတွင်းရေးမှူးချုပ်ဖြစ်တဲ့ မစ္စတာ အီဗရာဟင်အေဂမ်ဘာရီ ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ရန်ကုန်မြို့ကို ရောက်ရှိလာခဲ့တယ်။ အစိုးရက ဒီပုဂ္ဂိုလ်ကို အစိုးရဧည့်ဂေဟာမှာ ဒေါ်စုကြည်အပါအဝင် NLD အလုပ်အမှုဆောင် အဖွဲ့တွေနဲ့ လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးခဲ့တယ်။ ဒါကိုကြည့်ရင် အစိုးရဟာ ပြည်ပက အမျိုးမျိုး ဝေဖန်ပုတ်ခတ် ပြောဆိုနေသလိုမဟုတ်ဘဲ ယခုလို NLDပါတီကို သဘောထားကြီးစွာနဲ့ တွေ့ဆုံခွင့်ပြုခြင်းကိုက အစိုးရရဲ့ စေတနာကို သူတို့ နားလည်ဖို့ကောင်းတယ်။

(သိမ်း) – ဟုတ်ပါတယ်။ နောက် ဒေါ်စုကြည်ကို အစိုးရက ၂၀၀၆ခု မေလ ၂၇ရက်နေ့မှာ နောက်ထပ် အကျယ်ချုပ်နဲ့ သက်တမ်းတစ်နှစ်တိုးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပြည်ပရောက် ပြည်ပြေးအဖွဲ့တွေနဲ့ သူတို့ဆရာကြီးတွေက သိပ်အစာမကြေဖြစ်နေတယ်လို့ ကြားနေရတယ်။ စစ်အစိုးရဟာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ပေါ့။

(ဖြိုး) – သူတို့က ပြည်ပကနေပြီး ဘယ်လိုပဲဘာညာတွေ ပြောချင်ပြော အစိုးရအနေနဲ့ ကိုယ့်ပြည်တွင်းရေးကိစ္စ အခြေအနေကို ကိုယ်သာအသိဆုံးပဲဆိုတော့ ပြီးခဲ့တဲ့အတွေ့အကြုံအရ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်မယ့်၊ ထိခိုက်လာမယ့် အခြေအနေမျိုးတွေ ရှေ့ဆက်မပေါ်ပေါက်နိုင် ဖို့အတွက် ဒါလုပ်သင့်လို့ လုပ်ရမှာပဲ။ တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားထက် အများရဲ့ အကျိုးစီးပွားကို ကြည့်ဖို့လိုမယ်။

(သိမ်း) – ဟုတ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ ပြောဆိုမှုနဲ့ပတ်သက်ပြီး NLDပါတီရဲ့ ရှေ့ရေး အခြေအနေက ဘယ်လိုရှိလာနိုင်လဲ။ ဒါ့ပြင် အစိုးရရဲ့သဘောထားက ရှေ့ဆက် ဘယ်လိုရှိမလဲဆိုတာ ဦးလေးရဲ့အမြင်ကို ပြောပြပေးပါလား။

(ဖြိုး) – ငါ့အမြင်ပြောရရင် NLDပါတီရဲ့ ရှေ့ရေးက သူတို့ရဲ့ လုပ်ရပ်တွေအပေါ်မှာပဲ မူတည်နေတယ်။ ရှေ့ဆက်ကောင်းအောင်လုပ်ရင် ကောင်းသွားမယ်။ ဆိုးအောင်လုပ်ရင် ဥပဒေရဲ့အရေးယူမှုကို ခံရမယ်။ အစိုးရရဲ့ သဘောထားကတော့ **“သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပဲ ရှိလိမ့်မယ်ဆိုတာ ပြောကြားရင်း ကဲ-ဒို့ရဲ့ဆွေးနွေးပွဲကို ဒီမှာပဲ ရပ်နားကြစို့ကွာ။ ။

စစ်ကွင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၇

စစ်ကွင်းအသင်း(ရန်ကုန်)၏ (၁၁) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၁၆ ရက်နံနက် ၇ နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ် ဥယျာဉ်ကျောင်းတိုက်အတွင်းရှိ ရွှေကျင်ကျောင်း တိုက်တွင် ကျင်းပမည် ဖြစ်ရာ အသင်းဝင်များအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက်စစ်ကွင်းသူ စစ်ကွင်းသားများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးသိန်းလှိုင် ဖုန်း-၅၆၃၅၆၃၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးခင်ကြွယ် ဖုန်း- ၅၃၄၁၂၈၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀နှင့် ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂၉ ရက်က မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (၂/၂၀၀၆) အခမ်းအနားကို(ည) ရပ် ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန် ရှင်းလင်းဆွေးနွေးစဉ်။ (က-ပ)

ဝါတွင်းသုံးလပတ်လုံး တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မရမ်းခြံ အောင်ဓမ္မရိပ်သာလမ်း အောင်ဓမ္မရိပ်သာ ပရိယတ္တိကျောင်းတိုက်တွင် ဝါတွင်းသုံးလပတ်လုံးနိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ ကျင်းပမည်ဖြစ်ရာ တရားပတ် ၁၀ ရက်စခန်းဝင်လိုသူ ယောဂီ၊သူတော်စဉ်များ တရားပတ်ဝင်ရောက်နိုင်သည်။ တရားပတ်များတွင် အရဏ်ဆွမ်း၊ နေ့ဆွမ်း ခွဲခြား၍လည်းကောင်း၊ တွဲ၍လည်းကောင်း လှူဒါန်းလိုသော စေတနာရှင်များသည် ဖော်ပြပါကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၆၆၁၁၀၁၊ ၅၁၄၈၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တန့်ယန်းမြို့ ရွှေမောင်းသီလရှင် စာသင်တိုက် ‘ဝ’တိုင်းရင်းသူ သီလရှင်များအတွက် ဝတ်စုံဆက်ကပ်

ရန်ကုန် ဇူလိုင် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ‘ဝ’ဒေသရှိ သံဃာတော်များ၊ သီလရှင်များအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနား ပြုလုပ်ရန် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂၉ ရက်နေ့ ညနေပိုင်းက တန့်ယန်းမြို့သို့ ရောက်ရှိပြီး တန့်ယန်းမြို့ ရွှေမောင်း သီလရှင်စာသင်တိုက်တွင် ‘ဝ’တိုင်းရင်းသူ သီလရှင်များအား သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်သာသနာရေးဦးစီးမှူး ဦးစန်းမောင်တို့က ရွှေမောင်းသီလရှင်စာသင်တိုက်ရှိ ‘ဝ’ဒေသတိုင်းရင်းသူ သီလရှင်စာသင်သား ၁၈၉ ပါးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ လှူဒါန်းသော စာအုပ်၊ စာရေး ကိရိယာများနှင့် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသောသီလရှင်ဝတ်စုံများအား တိုက်အုပ်ဆရာကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပညာစာရီထံ ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** လိုက်ပါလာသူများမှ တိုင်းရင်းသူသီလရှင်စာသင်သားများအတွက် စာအုပ်နှင့် စာရေး ကိရိယာများထောက်ပံ့ပေးအပ်သည်။

စာရေးကိရိယာထောက်ပံ့

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့မှ ထွက်ခွာခဲ့ရာ တာကော်အက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ နံနက် ၉ နာရီတွင် ရောက်ရှိပြီး ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နယ်စပ်ဒေသပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းရှင်းလင်း ဆောင်ရွက်ပေးသည်။ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ၎င်းမှဆက်လက်ထွက်ခွာ၍ မန်ကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ ငှက်ကာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ပန်ဖိန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မန်ပန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ပန်ကျုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ ဝင်ရောက်ပြီး “ဝ” ဒေသ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူကလေးများအား ကျောင်းဝတ်စုံနှင့် စာအုပ်၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နယ်စပ်ဒေသပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ ကျောင်းသားများ ပညာရေးအခြေအနေ၊ ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးမေးမြန်းပြီး ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားများ၏ တင်ပြချက်များကိုပြန်လည် ရှင်းလင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း သာသနာ့ရောင်ခြည် ဓမ္မာရုံ (၅၀)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ပထမအကြိမ် ထေရဝါဒတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇူလိုင်၈ရက်၊ ၉ရက်နှင့် ၁၀ရက်များတွင် အရှင်စန္ဒသိရီ(အောင်စကြာဆရာတော်)၊ ဩဂုတ် ၈ရက်တွင် ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ စက်တင်ဘာ၅ရက်နှင့် ၆ရက်များတွင် ဘဒ္ဒန္တအင်္ဂိသ(ပါဠိကာရီဆရာတော်)၊ အောက်တိုဘာ ၆ရက်တွင် ဘဒ္ဒန္တသောဘန(ပုပ္ပား-၂ ဆရာတော်)၊ နိုဝင်ဘာ ၃ရက်၊ ၄ရက်နှင့်၅ရက်များတွင် အရှင်မာလာစာရ(ညောင်ပင်သာဆရာတော်)တို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

စလေအသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

တောင်ဥက္ကလာပမြို့နယ် စလေသီဂီ ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း ကန်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော်မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒိမာအမှူးပြုသော ဝါဆိုသံဃာတော်များကို စလေအသင်းမှ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲအား ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဦးဇော်ဝင်း-ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀၊ ဦးစောလွင် ရုံးအမှတ် ၁၆ အခန်း ၂၃ ဘုရင့်နောင်ဈေး ဖုန်း-၆၈၃၀၈၈-၄၅၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၉၂)**

မော်ဒန်အချစ်များဆက်လက်ပြသ လှည့်စားဇာတ်ကားသစ် မကြာမီရုံတင်မည်

ရန်ကုန် ဇူလိုင် ၇

ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်၏ **မော်ဒန်အချစ်များ** ဇာတ်ကား သမ္မတ၊ သွင်နှင့်မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ရှေ့ဆောင်ရုံတွင် Poseidon ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် X-Men(The Last Stand) ဇာတ်ကားသစ် ရုံဝင်လာသည်။

မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ထူးခြားသော တန်ခိုးစွမ်းအင်တစ်မျိုးပိုင်ဆိုင်သော mutant ခေါ် လူသားများကို အသုံးချကာ ကမ္ဘာကို စိုးမိုးရန် ကြံစည်သူဒုစရိုက်ဂိုဏ်းကြီးအား တိုက်ခိုက်နှိမ်နင်း ဖြိုခွင်းလိုက်ပုံများကို အထူးပြုလုပ်ချက်များဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဇူလိုင်နောက်ဆုံးပတ်တွင် ရန်ကုန်မြို့လယ်နှင့် မန္တလေးမြို့ များ တွင် တစ်ပြိုင်တည်း ရုံဝင်လာမည့် မြန်မာ ဇာတ်ကား သစ် မှာ **လှည့်စား** ဇာတ်ကားဖြစ်သည်။ နီကိုရဲ၏ ဝတ္ထုကို ဒါရိုက်တာ သိန်းဟန်(ဖိုးနစ်)က ရိုက်ကူးထားပြီး ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်၊ သားညီ၊ ခင်လှိုင်၊ ချစ်ဖွယ်နှင့် ဖိုးကျော်တို့ ပါဝင်ထားသည်။ ယင်းဇာတ်ကားမှာ ဟာသဇာတ်မြူးအက်ရှင်ကားဖြစ်ပြီး ၁၉၆၀ပြည့်နှစ်က ဇာတ်လမ်းကို အခြေခံ ရိုက်ကူးထားသည်။

ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **တစ္ဆေအလိုက်ခံရသူများ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ဇူလိုင် ၇ ရက်တွင် မဟာမြိုင်ရုံနှင့်ဇူလိုင် ၁၄ရက်တွင် ရွှေမန်း၊ စံပြနှင့်သီတာရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ တုန်လှုပ်ခြောက်ခြားဖွယ် တစ္ဆေများနှင့် တွေ့ဆုံရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားပြီး ကြောက်တတ်သူများ မကြည့်ရဟူသော သတိပေး ဆိုင်းဘုတ်ချိတ် ထားသည်။ ဒွေး၊ သားညီ၊ ဖိုးကျော်၊ မင်းရဲထက်၊ မင်းခ၊ တင့်တင့်ထွန်း၊ ရတနာပုံ၊ သုန္ဒြေဦး၊ ပြည့်ဖူးခိုင်နှင့် ပိုင်ဖြိုးသူတို့မှာ တစ္ဆေအလိုက်ခံရသူများ ဖြစ်ကြသည်။

ဆုထူးပန်ရုံတွင် ရိုရှန်းနှင့် မင်းသမီးချော အမီရှားပတေးတို့ပါဝင်ထားသည့် Kaho Naa Pyaar Hai အိန္ဒိယဇာတ်ကား ရုံဝင်လာပြီး မြို့မရုံတွင် Hanuman ဇာတ်ကား ပြသလျက်ရှိသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ဂျိမ်းစ်ဘွန်းမင်းသား ရော်ဂျာမိုးပါဝင်ထားသော Octopussy အက်ရှင်ဇာတ်ကားကို ကြည့်ရမည် ဖြစ်ပြီး မြေညီထပ်တွင် Kasam Paida Karne Wale Ki ဇာတ်ကားဖြင့် ဖျော်ဖြေလျက် ရှိသည်။ ။

(မြန်မာ့အလင်း)

မော်ဒန်အချစ်များမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

ရုပ်ရှင်သတင်းထောက်

မကြာမီ ရုံဝင်လာမည့် လှည့်စားဇာတ်ကားမှ ဒွေးနှင့် ခိုင်သင်းကြည်။

ပအိုဝ်း အမျိုးသားဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် အမှတ်(၇၁) တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်အား အမှူးထား၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဝါဆိုလဆန်း ၁၄ ရက် ဇူလိုင် ၈ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ပအိုဝ်းအမျိုးသားဓမ္မာရုံ အမှတ်(၃၈) ဗဟန်း(၁)လမ်း၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၇

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု အကြိမ်(၁၄၀)မြောက်တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့်ပုပ္ပား(၃) မိုးကုတ်ဆရာတော်ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် ဝါဆိုလပြည့်ကျော် ၃ ရက် (ဇူလိုင် ၁၂ ရက်) ဗုဒ္ဓဟူးနေ့ ညနေအရောက်လာကြရန်နှင့်လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား ၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု နဝမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဘုရားဝင်းအတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ သတင်းနှင့်စာနယ်ဇင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု၏ နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဘုရားဝင်းအတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူး(သတင်း)၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မန်နေဂျာများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အရာထမ်းများ၊ ဝန်ထမ်းများနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ တည်ဆောက်ကြသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီးနှင့် ပရိသတ်တို့က ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒက အနုမောဒနာ တရား ချီးမြှင့်တော်မူပြီး တက်ရောက်လာသူများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက်ဦးဆောင်ညွှန်ကြားရေးမှူး နှင့်ဇနီးနှင့် ပရိသတ်တို့က ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဆူးလေစေတီတော် ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၇

ဆူးလေစေတီတော်ရင်ပြင် အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ ဝါတွင်းတရားပွဲအဖြစ် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုလပြည့် ဓမ္မစကြာနေ့တွင် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ မထေရ်မြတ်က ဝါဆိုလပြည့်ကျော် ၈ရက်တွင် ကမာရွတ်လှည်းတန်း၊ သုစိတ္တာရုံကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ဇာဂရမထေရ်မြတ်၊ ဝါဆိုလကွယ်နေ့တွင် တိပိဋကဓရ တိပိဋကကောဝိဒ သဃ်န်းကျွန်း မြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်း တိုက်၏ ပဓာနနာယက ဆရာတော် အရှင်သုန္ဒရ မထေရ်မြတ်တို့က တရားဒေသနာတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်း ကြွရောက်နာယူကြပါရန် အသင်းကြီးက နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရေကြီးမှုအန္တရာယ်ကင်းစေဖို့ ကြိုတင်ပြင်ဆင်ကြပါစို့

ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၇

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် အရှေ့ပိုင်း (၁၃)ရပ်ကွက် ကျန်စစ်သားလမ်း တိပိဋက မဟာဂန္ဓာဝင် ကျောင်းတိုက် ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရ အရှင်သူမြတ်ကလည်းကောင်း ပိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ကုန်ကလေးဆေးရုံကြီး ကင်ဆာရောဂါကုဌာနသို့ ငွေနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး ကလေးကင်ဆာရောဂါကု ဌာနသို့ ငွေသားကျပ်ငါးသိန်းနှင့် ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်း များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲသို့ ကျန်း မာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် ဆရာဝန်၊ ဆရာမများ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရန်ကုန်ကလေးဆေးရုံကြီး ကလေးကင်ဆာရောဂါကုဌာနသို့ ငွေသားကျပ်ငါး သိန်းနှင့် ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်နှင့် ကျောင်းတိုက်ခွဲများတွင် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၇

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော်ကြီး၏ ဩ ဝါဒကိုဦးထိပ်ပန်ဆင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ ဦးစီး၍တည်ထောင်ဖွင့်လှစ်ထားသော ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၌ ဝါဆို ဝါကပ်တော်မူကြသော သံဃာတော် အပါး ၄၀တို့အား ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဆဋ္ဌတိပိဋက ရွှေဥက္ကံစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် ၇၅ ပါးတို့အား ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် တိပိဋကသန္တာဝါသ စာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အပါး ၉၀ တို့အား ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ သံဃာတော် အရှင်သူမြတ် စုစုပေါင်း ၂၀၅ ပါးတို့အား ကာလဒါနအဖြစ်ဖြင့် ဓမ္မမိတ်ဆွေ အပေါင်းတို့က စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ / စစ်သည်များ ၂၀၀၆ ခုနှစ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၇

ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ ဌာနအသီးသီးမှအရာရှိ/ စစ်သည်များ၏ ၂၀၀၆ခုနှစ် ပထမလေးလပတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကျန်စစ်သား ရိပ်သာ၌ ကျင်းပရာ ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေး ကြသည်။

အဆိုပါပြိုင်ပွဲတွင် အရာရှိအဆင့် ၃၂ ဦး၊ အရာခံအဆင့် ၄၇ ဦး၊ အကြပ်အဆင့် ၆၃ ဦးနှင့် တပ်သားအဆင့် ၃၃ ဦး စုစုပေါင်း ၁၇၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၇

လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက်၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ဝါခင်းတောင် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော စာချ၊ စာသင်ဝါဆို သံဃာ ၃၅ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူ အားလုံး ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။**(က-ပ)**

ဇောတိနမ့်ဆန်ကျောင်း

စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဇောတိနမ့်ဆန်ကျောင်း၌ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်နိုင်ရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၄၀၀၀နှုန်းနှင့် ဆောက်လုပ်ဆဲ ဇောတိနမ့်ဆန် ကျောင်း နှစ်ထပ်တိုက်သစ်အတွက် အလှူငွေများလှူဒါန်းနိုင်ရန် ဖုန်း-၅၀၀၇၉၄ သို့ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝိုင်အမ်ဘီအေ ဝါဆိုသင်္ကန်း

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီတွင် အသင်းခန်းမ၌ကျင်းပ၍ ကျောက်တန်းမြို့ ဇေယျာပူရမရိယတ္တ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိ (မဟာဂန္ထဝါစကပဏ္ဍိတ)အမှူးပြု၍ သံဃာတော် ၁၀ပါး တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ နေ့ဆွမ်းအပါအဝင် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်၍ ဖုန်း-၂၉၀၄၀၉၊ ၂၉၉၇၁၄နှင့် ၂၉၁၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်း

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း) ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက ကြီးမှူး၍ နဝမ အကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၉ရက် မွန်းတည့် ၁၂နာရီတွင် ပန်းတစ်ပွင့်တောင် ဓမ္မ သုခဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီလာရောက်ကြရန်နှင့် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၆၀၀နှုန်းဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ ဖုန်း- ၀၅၅၂၀၂၅၉၊ ဦးအောင်မျိုး ဖုန်း-၀၅-၉၅ ၀၁၅၅၂၀၊ ၂၀၃၄၉၇၊ ဦးတီတိုး ဖုန်း-၀၉-၈၀ ၂၂၉၅၂၊ ၅၀၀၈၂၅၊ ဦးရွှေသန်း ဖုန်း-၆၉၉၈၃၃၊ ဒေါ်တင်တင်ဝင်း ဖုန်း- ၆၄၀၁၈၁နှင့် ဒေါ်ကျင်သောင်း ဖုန်း- ၂၄၅၄၈၈တို့ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလား၏ အထွတ်အထိပ် ပြိုင်ပွဲကြီးနှစ်ပွဲ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တွင် ကစားမည်

တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇူလိုင် ၇

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် ဇွန် ၉ ရက်မှစပြီး ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲများအားလုံး ဇူလိုင် ၉ ရက် ညပိုင်းတွင် ပြီးစီးတော့မည် ဖြစ်သည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲသာကျန်တော့သည်။ ဗိုလ်လုပွဲဖြစ်၍လည်း အလွန်အကြိတ်အနယ်ရှိမည့်ပွဲများဖြစ်သည်။ ဗိုလ်လုပွဲအဖြစ် အီတလီနှင့် ပြင်သစ်အသင်းတို့သည် ဘာလင်မြို့၌ ဇူလိုင် ၉ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အီတလီနောက်တန်းလူနက်စတာသည် ဒဏ်ရာပြင်းထန်စွာရထားသဖြင့် ကမ္ဘာ့ဖလားဗိုလ်လုပွဲနှင့် လွဲလိမ့်မည်ဖြစ်သည်။ ၎င်းသည် အေစီမီလန်အသင်းနောက်တန်း အလယ်ကစားသမားဖြစ်သည်။၎င်းသည်ချက်အသင်းနှင့် ကစားရာတွင် ဒဏ်ရာရခဲ့သဖြင့် လွန်ခဲ့သောသုံးပွဲမှစပြီး ကမ္ဘာ့ဖလားနှင့် လွဲခဲ့ရသည်။ အီတလီ နောက်တန်းကို မက်တာရက်ဇ်ဇီနှင့် ကင်နာဗာရိုတို့ အတွဲက ဆက်လက်၍ အကောင်းဆုံး ကစားလိမ့်မည် ဖြစ်သည်။

ပြင်သစ်အသင်းမှ ဇီဒန်းနှင့် သူရမ်တို့သည် နိုင်ငံတကာပွဲမှ အနားမယူမီ နောက်ဆုံးပွဲအဖြစ် ပါဝင်ကစားကြလိမ့်မည်ဖြစ်သည်။ အီတလီအသင်းတွင် ဂိုး-ဘတ်ဖွန်၊ နောက်တန်း-ဇမ်ဘရော့တာ၊ ဂရော့ခ်ဆိုကင်နာဗာရို၊ မက်တာရက်ဇ်ဇီ၊ အလယ်တန်း-ဂက်တူဆို၊ ကာမိုရမ် နက်စီ၊ ပီယာဖိုးပါရော့တာ၊ ရှေ့တန်း တော့တီနှင့် တိုနီတို့ ပါဝင်ကစားဖွယ်ရှိသည်။

ပြင်သစ်အသင်းတွင် ဂိုး-ဘားသက်ဇ်၊ နောက်တန်း-ဆက်နော၊ အဘီဒယ်၊ သူရမ်နှင့် ဂါလ်လတ်တို့ ပါဝင်ကစားဖွယ်ရှိသည်။ အလယ်တန်းတွင် မက်ခ်လီလီ၊ ဗီယာရာ၊ မာလော့ဒါ၊ ရီဘာရီဇီဒန်း၊ ရှေ့တန်းတွင် အွန်နရီတို့ ပါဝင်ကစားဖွယ်ရှိသည်။

ထိုနေ့တွင် အီတလီအသင်းက အပြာရောင်ဝတ်စုံကို ဝတ်ဆင်၍ ကစားမည်ဖြစ်သည်။ ပြင်သစ် အသင်းက အဖြူရောင်ကို ဝတ်ဆင်၍ ကစားမည်ဖြစ်ကြောင်း သိရသည်။

အီတလီအသင်းသည်ကမ္ဘာ့ဖလားကို ၁၉၃၄-၁၉၃၈ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်များတွင် ဗိုလ်စွဲနိုင်ခဲ့ပြီး ပြင်သစ်အသင်းက ၁၉၉၈ ခုနှစ်တွင် တစ်ကြိမ်သာ ဗိုလ်စွဲနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ယင်းနှစ်သင်း၏ ယခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတစ်လျှောက် အောင်မြင်မှုအတိုင်းအတာကို ဖော်ပြလိုက်ပါသည်။

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဆုဖလား။ (ဓာတ်ပုံ-အင်တာနက်)

အီတလီအသင်း

အီတလီ	**၂-၀**	**ဂါနာ**
အီတလီ	**၁-၁**	**အမေရိကန်**
ချက်	**၀-၂**	**အီတလီ**
အီတလီ	**၁-၀**	**ဩစတြေးလျ**
အီတလီ	**၃-၀**	**ယူကရိန်း**
ဂျာမနီ	**၀-၂**	**အီတလီ**

ပြင်သစ်အသင်း

ပြင်သစ်	**၀-၀**	**ဆွစ်ဇာလန်**
ပြင်သစ်	**၁-၁**	**တောင်ကိုရီးယား**
တိုဂို	**၀-၂**	**ပြင်သစ်**
စပိန်	**၁-၃**	**ပြင်သစ်**
ဘရာဇီး	**၀-၁**	**ပြင်သစ်**
ပေါ်တူဂီ	**၀-၁**	**ပြင်သစ်**

တတိယနေရာလုပွဲ

ကမ္ဘာ့ဖလားတတိယနေရာလုပွဲကို ဇူလိုင် ၈ရက် **(ယနေ့)** ညပိုင်းတွင် ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့သည် စတုဂတ်မြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် ကမ္ဘာ့ဖလားတွင် ဂိုးအများဆုံးသွင်းထားသူဖြစ်သည်။နည်းပြ ကလင်းစမန်းက ၎င်းအား ခြေသလုံးကြွက်သားဒဏ်ရာ ရထားသဖြင့် ပါဝင်ကစားရန် သံသယ ဖြစ်နေသည်။

နောက်တန်းလူများဖြစ်သည့် မာတီဆက်ကာနှင့် ဖရိုက်ဒရစ်တို့သည် ခြေဖနောင့်နှင့် ဒူးဒဏ်ရာ အသီးသီး ရထားသဖြင့် ပါဝင်ကစားနိုင်ဖွယ်မရှိဟု သိရသည်။

ဂျာမနီဂိုးသမား လေးမန်းက တစ်ကျော့ပြန် ဂိုးသမားကြီး အိုလီဗာခန်းအား ကမ္ဘာ့ဖလားနောက်ဆုံးပွဲအဖြစ် ပါဝင်ကစားစေလိုကြောင်း ထုတ်ဖော်ပြောကြားလာသည်။

သို့ရာတွင် ၎င်းပါဝင်ကစားမည် မကစားမည်ဆိုသည်ကို အသင်းက အတည်မပြုရသေးဟု ဆိုသည်။

ဂျာမနီအသင်းသည် ၁၉၅၄-၁၉၇၄ခုနှစ်နှင့် ၁၉၉၀ပြည့်နှစ်များက ချန်ပီယံဖြစ်ခဲ့သည်။ သို့ရာတွင် ယခုနှစ်ကမ္ဘာ့ဖလားတွင် တတိယဆုကိုသာမျှော်မှန်းနိုင်တော့မည်ဖြစ်သည်။

သို့သော်လည်း ပေါ်တူဂီအသင်းသည် ၁၉၆၆ခုနှစ်က ကမ္ဘာ့ဖလားတတိယဆုရရှိခဲ့ဖူးသည့် အသင်းဖြစ်သည်။ ယခုနှစ်တွင်လည်း ပေါ်တူဂီတို့ တတိယဆုကိုပင် မျှော်မှန်းနိုင်သည့်အသင်းဖြစ်လာပြန်သည်။

ဂျာမနီနှင့် ပေါ်တူဂီတို့သည် ခြေစွမ်းသိပ်မကွာလှသည့်အသင်းများဖြစ်သည်။ ဂျာမနီနည်းပြကလင်းစမန်းက အိမ်ရှင် အိမ်ကွင်းပရိသတ်ဖြင့် နောက်ဆုံး တတိယဆုလောက်တော့ မှန်းလိမ့်မည်ဖြစ်သည်။ ထို့အတူ ပေါ်တူဂီ နည်းပြ စကိုလာရီကလည်း ကမ္ဘာ့ ဖလားတွင် ရာနှုန်းပြည့် အောင်မြင်မှုရသည့် နည်းပြမဖြစ်သော်လည်း တတိယဆုကိုတော့ အကြိတ်အနယ် လုလိမ့်မည်ဟု မျှော်လင့်ရသည်။ ။

(အင်တာနက်)



အီတလီနှင့်ပြင်သစ် ဗိုလ်လုပွဲတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်မည့် အေလီဇွန်ဒိုအားတွေ့ရစဉ်။ (၎င်းသည် ပေါ်တူဂီနှင့် ပွဲတွင် ရွန်နေအား အနီကတ်ပြခဲ့သော ဒိုင်လူကြီးဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇူလိုင် ၉ရက် နံနက် ၁နာရီ မိနစ် ၃၀ တွင် အိမ်ရှင်ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်ရာ ၎င်းအသင်းများ၏ နောက်ဆုံးသတင်းနှင့် အခြားကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

တတိယနေရာရအောင်ယူမည်ဟု ကလိုဆေး ပြောကြား

ယနေ့ကစားမည့် တတိယနေရာလုပွဲတွင် ပေါ်တူဂီအသင်းကို အနိုင်ကစားမည်ဖြစ်ကြောင်း ဂျာမနီ တိုက်စစ်မှူး ကလိုဆေးက ပြောကြားလိုက်သည်။



ဂျာမနီတိုက်စစ်မှူး ငါးဂိုးသွင်းထားသူ ကလိုဆေး

အကြိုဗိုလ်လုပွဲတွင် အီတလီအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အဖြစ်ကို ယနေ့ပွဲ၌ ဂိုးသွင်းအနိုင်ယူကာ ချေဖျက်ပစ်မည်ဖြစ်ကြောင်း ကလိုဆေးကအခိုင်အမာ ပြောကြားသည်။ ကလိုဆေးသည် ယခု ကမ္ဘာ့ဖလားပွဲစဉ် တစ်လျှောက် တစ်ဦးတည်း ငါးဂိုးသွင်းကာ ရွှေဖိနပ်ဆုရယူရန် လက်လှမ်းနေသူတစ်ဦးဖြစ်သည်။

ဂျာမနီသည် တတိယနေရာ အတွက် သေချာနေသော အသင်းဖြစ်ကြောင်း၊ ရရှိအောင်လည်း ကြိုးစားသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယနေ့ပွဲတွင် အိုလီဗာခန်း ပါဝင်ကစားမည်

ယနေ့ကစားမည့် တတိယနေရာလုပွဲတွင် ဂျာမနီအသင်း ဂိုးသမားအဖြစ် အိုလီဗာခန်း ပါဝင်ကစားဖွယ်ရှိကြောင်း သိရသည်။ ယနေ့ပွဲတွင် အိုလီဗာခန်း အခွင့်အရေးပေးမည်ဟုလည်း ဂျာမနီနည်းပြ ကလင်းစမန်းက ပြောလိုက်သည်။

ဂျာမနီ၏ ပထမဦးစားပေး ဂျင်စ်လေးမန်းမှာ ကမ္ဘာ့ဖလားပွဲစဉ် အများအပြား၌ ကစားခဲ့ပြီးဖြစ်ကြောင်း၊ယခုပွဲ၌ အိုလီဗာခန်း လက်စွမ်းပြနိုင်ရန် အခွင့်အရေးပေးမည်ဟု မိမိရည်ရွယ်ထားကြောင်း ကလင်းစမန်းက ပြောကြားသည်။ ဂိုးသမားကြီး အိုလီဗာခန်းသည် အသက် ၃၇ နှစ်ရှိပြီး ဂျာမနီအသင်းတွင် အသက်အကြီးဆုံး ကစားသမားဖြစ်သည်။

တတိယနေရာအတွက် အလေးထားကြောင်း စကိုလာရီပြောကြား

အိမ်ရှင်ဂျာမနီနှင့် ကစားရမည့် တတိယနေရာလုပွဲကို မိမိအလေးထားကစားမည်ဖြစ်ပြီး ကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲ ကစားရသကဲ့သို့ မှတ်ယူကစားသွားမည်ဖြစ်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားလိုက်သည်။

မိမိတို့ အဖြစ်ချင်ဆုံးဆန္ဒမှာ နောက်ဆုံးဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ကစားရရေးနှင့် ကမ္ဘာ့ဖလားရယူရေးဖြစ်ကြောင်း၊ ယခုမဖြစ်နိုင်တော့ရာ တတိယနေရာရရှိရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းကို စကိုလာရီက ပြောကြားသည်။

မိမိအသင်းသားများသည် ခံစားရခက်သော အကြိုဗိုလ်လုပွဲရှုံးနိမ့်မှုကို မေ့ပျောက်ခဲ့ပြီဖြစ်ကြောင်း၊ ပေါ်တူဂီအသင်းအတွက် တတိယနေရာရယူကာ သမိုင်းစာမျက်နှာရေးထိုးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

တတိယနေရာသည် မိမိတို့နှင့် ထိုက်တန်သည်ဟု ယူဆကြောင်း စီရိုနယ်ဒို ပြောကြား

အကြိုဗိုလ်လုပွဲ၌ ပြင်သစ်ကိုရှုံးနိမ့်ပြီး ငိုကြွေးခဲ့ရသော စီရိုနယ်ဒိုက မိမိတို့ပေါ်တူဂီအသင်းသည် တတိယ နေရာနှင့် ထိုက်တန်သော ခြေစွမ်းရှိကြောင်း ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားပွဲစဉ်တစ်လျှောက် မိမိတို့ခြေစွမ်းမှာ ချန်ပီယံခြေစွမ်းမျိုးဖြစ်သည်ကိုပြသခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ပွဲ၌ ဂျာမနီကိုအနိုင်ကစားပြီး တတိယနေရာရအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

မိမိတို့ကိုလျှော့တွက်လျှင်မှားမည်ဟု ဖီဂိုပြောကြား

ယနေ့ တတိယနေရာလုပွဲတွင် အိမ်ရှင်ဂျာမနီတို့ အနိုင်ရပြီး တတိယနေရာရရှိမည်ဟု ရေပန်းစားနေမှုမှာ မိမိတို့အတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း ဖီဂိုက ပြောကြားလိုက်သည်။

ဂျာမနီကစားသမားများက မိမိတို့အသင်းကို အလွယ်တကူအနိုင်ရမည်ဟု ထင်နေကြောင်း၊ မိမိတို့ကစားခဲ့သမျှ၌ ခြေစွမ်းကိုပြန်ကြည့်လျှင် သိနိုင်ကြောင်း၊ မိမိတို့ကို လျှော့တွက်လျှင် မှားမည်ဟု ပေါ်တူဂီအသင်းခေါင်းဆောင်က သတိပေးလိုက်သည်။

- **စီရိုနယ်ဒို ကမ္ဘာ့ဖလား အကောင်းဆုံး လူငယ်ကစားသမားဆုအတွက် ရေပန်းစားနေ။**
- **ဘရာဇီးတိုက်စစ်မှူးနှင့် ရီရဲမက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒို ဒူးခေါင်ခွဲစိတ်ကုသခံရမည်။**
- **ဇီဒန်း ဂိုးဒင်းဘဲလ်ဆုအတွက် အလားအလာကောင်း။**

(အင်တာနက်)

ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" အပိုင်း(၁) (ဓမ္မရဲ့ပင်ကိုသတ္တိ)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ကမ္ဘာ့ဖလားနှင့်သူတို့အမြင် (အားကစားကလောင်ရှင် ဖေသိန်း၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	သာခုခေါ်စေသောဝ်အလင်း အလှူတော်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	အောင်မြင်ကျော်ကြားမြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (စင်ရော်မောင်မောင်)
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အရသာတစ်မူထူးခြားကိုရီးယား အစားအစာများ (ထမင်းသုပ်၊ဝက်သားအချိုချက်)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	စံပြကျေးရွာဖြစ်စေဖို့ဝိုင်းဝန်းကြိုးပမ်းစို့
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	Celebrity Style (ပုလဲဝင်း)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	Printing Industry and Color Separation အကြောင်းသိကောင်းစရာ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	နိုင်ငံတကာအနုပညာရေးရာ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ကလေးတို့အတွက်လက်ဆောင် (Carnation ပန်းနှင့် Lris ပန်း အရုပ်ခေါက်နည်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန “လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်”

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။
၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။
၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက် လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိန်လွင်(အငြိမ်းစား၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ငွေသိန်းတို့၏သား

မောင်ရဲလင်းအောင် B.Sc (Maths)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး
မော်စကိုမြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ
နှင့်
ရန်ကုန်မြို့နေ
ဦးစန်အေး-ဒေါ်မြသီတို့၏သမီး

မဥမ္မာအေး B.Sc (Botany)

နိုင်ငံခြားရေးဝန်ကြီးဌာန

တို့၏ ၇-၅-၂၀၀၆ရက်တွင် မော်စကိုမြို့ မြန်မာသံရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာဩဝါဒမြွက်ကြားပေးပါသော၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ယူကရိန်းသမ္မတနိုင်ငံ၊ ဘီလာရုဇ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်စိုးနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့်ဇနီး ဒေါ်ခင်သောင်းနွယ်အားလည်းကောင်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ကိုဖုန်းလင်းကြိုင်၊ မေတ္တာဖြင့် မင်္ဂလာဧည့်ခံပွဲ မှတ်တမ်းတင်ဗီဒီယို ရိုက်ကူးပေးသော ကိုနေမျိုးထွန်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ကိုတင်ဝင်းထွန်းနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲလင်းအောင်-မဥမ္မာအေး။

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဇရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့်သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စားဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေအသင်းနှစ်ပတ်လည် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ၂၀၀၅-၂၀၀၆ နှစ်ပတ်လည် အစည်းအဝေးနှင့်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၅ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ အသင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးမှ ၂၀၀၆-၂၀၀၈ခုနှစ် အမှုဆောင်အဖွဲ့သစ်အဖြစ်ဥက္ကဋ္ဌ ဦးဗိုလ်နီ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့်၊ ဦးခင်အောင်၊ ဒေါက်တာကံညွန့်၊ ဦးခင်မောင်သစ်၊ အတွင်းရေးမှူး ဦးစိန်သန်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်သိန်း၊ ဦးစိုးဝင်း၊ ဦးမြင့်အောင်၊ ဦးဝေမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိန်လှအောင်၊ စာကြည့်တိုက်မှူး ဦးသန်းလွင်၊ စာရင်းစစ် ဦးမျိုးသိန်း၊ဦးအောင်ကြွယ်၊အမှုဆောင်များအဖြစ် ဦးတက်ထွန်း၊ ဦးအေးလွင်၊ ဦးမြင့်သိန်း၊ ဦးစန်းမြင့်၊ ဦးသက်ဆွေ၊ ဦးညွန့်ဝေ၊ ဦးရဲမြင့်၊ ဦးမျိုးထွန်း၊ ဦးတင်ငြိမ်း၊ ဦးဝင်းဇော်၊ ဦးချန်စိန်၊ ဦးတင်လှိုင်၊ ဦးသန်းထွန်း၊ ဦးမြအေး၊ ဦးဟန်မြင့်တို့ကို ရွေးချယ်တင်မြှောက်၍ အသင်း၏ ဂုဏ်ထူးဆောင် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဝင်းမြင့်၊ ဦးရဲထွန်း၊ ဦးစိုးထွန်းရှိန်တို့အား ရွေးချယ်ကြကြောင်း သိရသည်။ **(၃၅၂)**

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၄၆၁၇၊ Toyota Hilux P/U ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ဝင်း အမှတ်ပုံတင်အမှတ် ၁၂/ကမတ(နိုင်) ၀၁၀၃၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အနောက်ပိုင်းခရိုင်ရုံး၊ ရန်ကုန်။**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်း၊ ခြံအမှတ် ၈၃ နေ
ဗိုလ်မှူးကြီးသန်းမြင့် [တပ်မှူး၊ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)
မင်္ဂလာဒုံအရိုးအထူးခွဲစိတ်ကုပါရဂူ (ငြိမ်း)]-
ဒေါ်သောင်းမြင့် [ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊
မြန်မာ့စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန(ငြိမ်း)]
တို့၏ သား

မောင်စိုးမိုးသန်း (Wilfred Teoh)
Bachelor of Science in Computer Science (B.S.C.S)
Data Base Administration (D.B.A)
Texas Southern University (U.S.A)
Technical Principal
The Information Store, Houston,Texas(U.S.A)

နှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ခြံအမှတ် ၆၂၂ နေ
ဒုတိယဗိုလ်မှူးကြီးနေထွန်း(ငြိမ်း) နှင့် ဒေါ်ခင်မမ
တို့၏ သမီးငယ်

မမျိုးမျိုးထွန်း
B.A(History)

တို့သည် ၂-၇-၂၀၀၆ရက်တွင် Sedona Hotel Yankin Room ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်သန်းထွန်းနှင့် ဇနီးအားလည်းကောင်း၊ ၂-၇-၂၀၀၆ရက် ညနေပိုင်းတွင် Sedona Hotel Ballroom၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲကို တက်ရောက်ချီးမြှောက်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော တူမလေး မေသီရိကျော်အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့်တကွ မင်္ဂလာဝတ်စုံများကို ဆင်မြန်းအလှဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့် အဖွဲ့သားများအားလည်းကောင်း၊ အောင်တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလုံးကိုလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုတို့ကိုရိုက်ကူးပေးသော ဓာတ်ပုံဝဏ္ဏခွါနီးနှင့်အဖွဲ့သားများအားလုံးကိုလည်းကောင်း၊ စားသောက်ဖွယ်ရာများနှင့် အလှအပများကို ပြင်ဆင်ပေးသော Sedona Hotelမှ ဝန်ထမ်းများနှင့်တကွ Convention Sales Coordinator မ Honeyကိုလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်စိုးမိုးသန်း-မမျိုးမျိုးထွန်း။

အမည်ပြောင်း အမှတ်(၅) အထက်တန်းကျောင်း မရမ်းကုန်းမြို့နယ် တက္ကသိုလ်ဝင်တန်း(က)တွင် ပညာသင်ကြားနေသော အဖ ဦးသန်းဦး ၉/မမန(နိုင်) ၀၀၆၀၆၂၏ သားဖြစ်သူ မောင်ဘုန်းမြတ်သန်းဦး ၁၂/မရက(နိုင်)၁၄၀၆၂၃အား မောင်မြတ်သန်းဦးဟု ပြောင်းလဲခေါ်ပါရန်။

ဝါတွင်းတရားစခန်းကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ်အလုပ် တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်းနှင့် ဇူလိုင် ၁၅ရက်မှ၂၄ရက်အထိ လစဉ် ၁၀ရက်စခန်းကို မွန်းတည့်၁၂ နာရီမှ ညနေ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၄၉၆၂၊ Datsun 1000 P/U (412) ယာဉ်လက်ဝယ်ရှိသူအမည် ဦးကြည်လင်း အမှတ်ပုံတင်အမှတ် PGU-၂၂၅၁၄၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)။

သန္ဓေ တောထွက် ဓမ္မစက် နှုတ်မြွက်သံချို လဝါဆို

ဗုဒ္ဓရှင်တော်မြတ်၏ ဘဝဖြစ်စဉ်တော်တွင် ဝါဆိုလပြည့်နေ့သည် ထူးခြားမွန်မြတ်မင်္ဂလာအထပ်ထပ် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မဟာသက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ယံအချိန်မှာ သိရိမာယာဒေဝီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်သို့ မြတ်သော ဆင်ဖြူတော်သည် လက်ယာရစ်လှည့်ပြီးနောက် လက်ယာနံပါးမှ ဝင်ရောက်သည်ဟု အိပ်မက်မြင်မက်တော်မူပြီး အလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူတော်မူပါသည်။

မဟာသက္ကရာဇ်၉၇ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ညဉ့် သန်းခေါင်ယံတွင် ဆန္ဒအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းတော်ကိုစီးလျက် တောထွက်တော်မူပါသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်စနေနေ့ညချမ်း နေမင်းလည်းဝင်လုဆဲဆဲ၊ လမင်းလည်းထွက်ပေါ်လုဆဲဆဲတွင် **"ဒွေ မေ ဘိက္ခဝေ"** အစရှိသော တရားဦး ဓမ္မစကြာကို ဟောကြားတော်မူပါသည်။

ဤလမြတ်ဝါဆိုမှာပင် ရှင်တော်မြတ်ဘုရားသည် သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူ၍ မယ်တော်နတ်သားအမှူးပြုသော နတ်,သိကြား,ဗြဟ္မာအပေါင်းကို အဘိဓမ္မတရား ဟောတော်မူပါသည်။ ထို့အပြင် ဤလမြတ်ဝါဆိုမှာပင် တိတ္ထိတက္ကတွန်းတို့အား တန်ခိုးပြာဋိဟာပြတော်မူ၍ မဟာသက္ကရာဇ်၁၀၉ခုနှစ် ဝါဆိုလပြည့် ညနေချမ်းတွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်အနီး၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ နှစ်ဆယ့်လေးယူဇနာရှိသော လူပရိသတ်နှင့်တကွ နတ်ဗြဟ္မာတို့အား ရေအစုံမီးအစုံတန်ခိုးပြာဋိဟာပြတော်မူခဲ့ပါသည်။

ဤသို့ ထူးမြတ်လှသော ဝါဆိုလသည် မြန်မာဆယ့်နှစ်လတွင် စတုတ္ထမြောက်လဖြစ်သည်။ ဥတုမှာ ဝဿန္တ မိုးဥတု၊ ရာသီမှာ ကရကဋ်၊ ရာသီရုပ်မှာ ပုစွန်လုံး၊ တာရာမှာဆင်တာရာဖြစ်သည်။ လမင်းနှင့်ယှဉ်ပြိုင်ထွန်းလင်းသော နက္ခတ်မှာ ပြုဗ္ဗာသဠ်နက္ခတ်ဖြစ်၍ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်ပါသည်။ ရာသီပွဲတော်မှာကား ပဥ္စင်းခံပွဲတော်ဖြစ်ပေသည်။

ဝါဆိုလ၌ ပဥ္စင်းခံပွဲကျင်းပရခြင်းမှာ ဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးနှင့်အတူ နတ်ဗြဟ္မာများစွာအား တရားဦး ဓမ္မစက်ကို ဟောမြွက်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားထံတွင် ရဟန်းပြုခွင့်ပန်ကြားရာ ဘုရားရှင်က ခွင့်ပြုတော်မူပြီး "ဧဟိဘိက္ခု" ရဟန်းအဖြစ်ကို ရကြသည်။ ဤသည်ကို အရင်းခံ၍ ဝါဆိုလတွင် ပဥ္စင်းခံပွဲကို တခမ်းတနား ကျင်းပကြခြင်း ဖြစ်ပါသည်။

မြန်မာရှင်ဘုရင်များ လက်ထက်တွင် နယုန်လက ကျင်းပပြီးခဲ့သော စာပြန်ပွဲမှ ထူးချွန်သည့်သာမဏေများကို ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်လေ့ရှိသည်။ ထိုပဥ္စင်းခံပွဲသဘင်ကို ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကြီးမှူးကျင်းပပေးပြီး စည်ကားသိုက်မြိုက်လှကြောင်း သိရပါသည်။

စာပေအထောက်အထားများအရ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် တစ်လျှောက်လုံး ပဥ္စင်းခံပွဲတော်များ တခမ်းတနား ကျင်းပခဲ့ကြသည်များကို နဝဒေး၏ ဆယ့်နှစ်ရာသီဘွဲ့တွင်-

> **"ဝါဦးခေါ်မှတ် ကရကဋ်လက်၊ ပြိုးပြက်ရောင်ဝှန်၊ ပြုဗ္ဗာသဠ်နှင့်၊ နတ်မွန် ပျော်စက်၊ ပုန်းညက်ကြာခိုင်၊ ကြူလိုင်ပျံ့သင်း၊ ပဥ္စင်းတော်ပွဲ၊ ညံမစဲသည် ရိုက်နှဲကြွေးကြော်ကာတည့်လေး"**

ဟုဖွဲ့ဆိုခဲ့ပါသည်။

ညောင်ရမ်းခေတ် ပဥ္စင်းခံပွဲကျင်းပပုံကို ဆီသည်ရွာစား ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင်-

> **"တင့်ခြင်းဆောင်ရွက်၊ စီစဉ်လျက်တည့်၊ ဘဝဂ်ထိန့်ကျော်၊ ပဥ္စင်းတော်ကို ရွှေလှော်မွမ်းရုံ၊ ရွှေစည်းခုံဝယ်၊ သုံးဘုံဝင့်မှ လွတ်ရစေသား ဂေါတမမာရ်နှိမ်၊ မြတ်သည်သိမ်သို့၊ ငြိမ်ဆိမ်လည်းဝင်၊ သိက္ခာတင်သည် သဘင်ထွေ တဆန်းတည့်လေး"**

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ဟုရေးဖွဲ့ခဲ့ပါသည်။ ကုန်းဘောင်ခေတ် ဘကြီးတော် လက်ထက်ပဥ္စင်းခံပွဲတော်ကို မဟာရာဇဝင်တော်ကြီး၌-

> **"ဝါဆိုလဆန်းတစ်ဆယ့်ငါးရက်နေ့ ပထမပဥ္စင်းလောင်းတစ်ဆယ် သာမဏေလောင်း တစ်ဆယ့်နှစ်တို့ကို အတွင်းတော်သို့ သွင်းပြီးလျှင် ရေစက်သွန်းတော်မူ၍ ပဥ္စင်းသာမဏေ ပြုတော်မူသည်၊ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်နှင့်စပ်သည်ကို အစေ့အစုံ လှူတော်မူသည်"**

ဟူ၍ မှတ်တမ်းပြုထားသည်ကိုတွေ့ရပါသည်။

ဤဝါဆိုလအမည်ကို ရှေးဟောင်းကျောက်စာများတွင် မြွယ်တာလ၊ နွယ်တာလ၊ နွေတာလဟူ၍ အမျိုးမျိုးတွေ့နိုင်ပါသည်။ သက္ကရာဇ် ၅၄၁ခုနှစ်တွင် ရေးထိုးခဲ့သော သင်ကြီးဘိနန္ဒသူကျောက်စာနှင့် သက္ကရာဇ် ၆၆၂တွင် ရေးထိုးသော တမုတ်သမုတ်ဂူကြီးကျောက်စာတို့၌ မလွယ်တာလဟု တွေ့ရပါသည်။ မလွယ်မှာ မြေ သို့မဟုတ် လယ်မြေဟု အဓိပ္ပာယ်ရ၍ တာမှာ တိုင်းတာသည်ဟု အဓိပ္ပာယ်ရသောကြောင့် မလွယ်တာဟူသည် လယ်မြေတိုင်းလဟု ယူဆသင့်ကြောင်း ဦးဖိုးလတ်၏ "မြန်မာဆယ့်နှစ်လအမည်များ"၌ ဖွင့်ဆိုရှင်းပြထားပါသည်။

ဝါဆိုလပြည့်ကျော်၁ရက်နေ့တွင် သံဃာတော်များသည် မိမိတို့သီတင်းသုံးမည့်ကျောင်း၌ မြတ်စွာဘုရား၏ ရှေ့တော်မှောက်ဝယ် "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဤကျောင်းတွင် မိုးသုံးလပတ်လုံး ဆည်းကပ်ပါမည်ဟု ရွတ်ဆို ဝါကပ်ရသည်ကို အကြောင်းပြုကာ **'ဝါဆို'**ဟု ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပါသည်။

ဤရာသီအခါသမယတွင် ရဟန်းသံဃာတော်များ ဝါဆိုရခြင်းမှာ ဘုရားရှင်၏ ပညတ်တော်ကြောင့်ဖြစ်သည်။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များသည် မိုးတွင်းကာလ စိမ်းလန်းရှင်သန်လျက်ရှိသော မြက်၊ သစ်ပင်၊ လယ်ယာတောများအတွင်း ဖြတ်သန်းကာ ဒေသစာရီလှည့်လည်သွားလာတော်မူကြသည်။ ထိုအခါ မြက်၊ သစ်ပင်၊ လယ်ယာများ ပျက်စီးကုန်ကြရသည်။ ပိုးမွှားတိရစ္ဆာန်များလည်း သေကျေပျက်စီးကြသည်။ ထို့ကြောင့် ရဟန်းသံဃာတို့အား လူတို့က ကဲ့ရဲ့ပြစ်တင်ကြသည်။ ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါတွင် ရဟန်းတို့အား စည်းဝေးစေပြီး **"ရဟန်းတို့ ဝါတွင်းသုံးလပတ်လုံး ဝါဆိုခြင်းကို ငါဘုရားပညတ်တော်မူ၏"**ဟု မိန့်တော်မူသည်။

ထိုအခါမှစ၍ ရဟန်းတော်တို့သည် မိမိတို့သီတင်းသုံးနေထိုင်ရာကျောင်းတိုက်အတွင်းမှ အရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေခရီး ဒေသစာရီထွက်ခွာခြင်းမပြုရဘဲ ဝါဆိုလပြည့်ကျော်၁ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါဆိုဝါကပ်တော်မူကြရပေသည်။

ခြုံငုံ၍ဆိုရလျှင် ဝါဆိုလ၊ ဝါဆိုလပြည့်၊ ဝါတွင်းသုံးလပတ်လုံးအချိန်အခါတို့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ လထူးလမြတ်၊ နေ့ထူးနေ့မြတ် အခါထူးအခါမြတ်ကြီး ဖြစ်ပေသည်။ ဝါဆိုလပြည့်နေ့ ကျရောက်တိုင်း နိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်တို့သည် ဓမ္မစကြာ တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ နာကြားခြင်းများကို ခြိမ့်ခြိမ့်အုန်းအုန်း ကျင်းပကြသည်။

သံဃာတော်အရှင်မြတ်တို့ ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်ကျင့်သုံးဆောက်တည်တော်မူကြသော ကာလ၌ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်အပေါင်းသည်လည်း ဥပုသ်သီတင်းနေ့တိုင်း ဥပုသ်သီလဆောက်တည်ကြ၊ တရားဓမ္မဆွေးနွေးကြ၊ တရားနာကြားကြခြင်းများပြုကြပါသည်။ ဝိပဿနာစခန်းများတွင် တရားအားထုတ်ကြပါသည်။ ဘုရားကျောင်းကန်များတွင် လှူဒါန်းကျွေးမွေးခြင်း၊ သက်ကြီးဝါကြီးများကို ပူဇော်သက္ကာရပြုခြင်း၊ သက်သတ်လွတ်စားခြင်း၊ ကျွဲ၊ နွား၊ ငါး၊ ငှက် စသည်တို့ကို ဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုများကို ပြုကြသည်။ ဝါတွင်းကာလအတွင်း ထိမ်းမြားလက်ထပ်မင်္ဂလာများကိုလည်း ရှောင်ကြဉ်ကြလေသည်။

ဤသို့ဖြင့် **သန္ဓေ၊ တောထွက်၊ ဓမ္မစက် နှုတ်မြွက်သံချိုလဝါဆို**သည် ဘာသာသာသနာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများဖြင့် မင်္ဂလာကျက်သရေရှိသော၊ ကောင်းမြတ်သော အခါထူးအခါမြတ်ကြီးဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့်တကွ သတ္တဝါခပ်သိမ်း ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝကြစေကြောင်း ဆုမွန်ခြွေလိုက်ရပါသည်။ ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့

၉-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ **တရားတော် (ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့)**

နေ့လယ်ပိုင်း

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ ကုမာရ-ဥက္ကဋ္ဌဆရာတော်)

၀၉:၃၅ ဟောပြောချက် (ဝါဆို-ခိုင်ခိုင်)

၁၀:၀၀ သုတစုံစွာသိမှတ်စရာ (စိတ်ကျန်းမာရေး-သိပ္ပံမှူးတင်)

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)

၁၁:၃၀ မေတို့တွက်တာ အလုကမ္ဘာ (ပေါ့ပါးသွက်လက်တဲ့အသွင် မိုးရာသီဖက်ရှင်)

၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေ့အချစ်မြား
(၂) ချစ်မုန်းသံသရာ
(၃) ရွှေပွင့်လွှာ

၁၂:၀၀ **ဝါဆိုလပြည့်နေ့ တရားတော်**

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အနှစ်)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ဗိဿနိုးပျူမြို့တော် ယဉ်ကျေးမှု-သာရဝေါ်စိုးကြည်)

ညနေပိုင်း

၁၆:၀၀ **ဝါဆိုလပြည့်နေ့ တရားတော် (သီတဂူဆရာတော် အရှင်ဉာဏိဿရ)**

၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**

၁၇:၀၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့မှ တေးသံစုံ-ဓမ္မတေး)

၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ရဲစွမ်းသတ္တိနှင့် ဆင်ခင်းသဘင်) (ညွန့်ဟံ-ကြူတော)

၁၇:၃၀ တေးရေးသူအကြိုက် (ဂီတစာဆိုလှိုင်မြင့်သိန်း)

၁၈:၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း

၁၉:၁၅ ဦးသုခ၏ မေတ္တာသုတ်အဖွင့် (ပထမပိုင်း)

၂၀:၃၀ **သတ္တဌာန ခုနစ်ပတ်ဖြစ်စဉ် ဗုဒ္ဓဝင် (သီတဂူဆရာတော် အရှင်ဉာဏိဿရ)**

၂၀:၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာတရားတော်

ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ရေး ရေစကြို၌ ပညာပေးဟောပြော

ရေစကြို ဇွန် ၂၅

ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုပြုံးနှင့်အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက်က ရေစကြိုမြို့နယ် ညောင်တောကျေးရွာအုပ်စုတွင် အမျိုးသမီးများ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ပညာပေးဟောပြောပြီးကျန်းမာရေးဆရာမ ဒေါ်မြသန်းက အမျိုးသမီးရောဂါများအကြောင်း ရှင်းလင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရှေ့တန်းရုံး(အောင်ပန်း)အဆောက်အအုံသစ်ဖွင့်

တောင်ကြီး ဇူလိုင် ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ဦးစီးမှူးရုံးနှင့် ခရိုင်ရုံး(တောင်ကြီး)၏ ရှေ့တန်းရုံးအောင်ပန်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကလောမြို့နယ်အောင်ပန်းမြို့ရှိ အဆိုပါရုံးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၂) ခုတင် ၇၀၀ တပ်မတော်ဆေးရုံတပ်မတော်ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ်သောင်းထိုက်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်တို့က အမှာစကား ပြောကြားကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ပြည်နယ်ဦးစီးမှူး ဦးကျန်ကျင့်မာန်တို့က ရုံးဖွင့်လှစ်သည့် အထိမ်းအမှတ်အလံနှင့်ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီးအဆောက်အအုံကို လိုက်လံကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းယောင်းမြို့၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်း ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုကြည့်ရှုစစ်ဆေး

မိုင်းယောင်း ဇူလိုင် ၁

မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဦးစီးဌာန ဦးစီးမှူးများ လိုက်ပါလျက် ဇွန်၈ရက်က မိုင်းယောင်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထပ်ဆင့်ရှင်းလင်းပြီး ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများ မှာကြားသည်။

ညှိနှိုင်းပေး

ဆက်လက်၍ မိုင်းယောင်းမြို့နယ် ဥက္ကဋ္ဌဦးကျော်ဇင်က ဖြည့်စွက်တင်ပြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောမိုင်းယောင်း–ဝမ်ဟိုရန်း ကျောက်ချောလမ်းဆောင်ရွက်ပြီးစီးမှု၊ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းနှင့် ဌာနပေါင်းစုံခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေအောင်နှင့်အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန်၂၂ရက်က ကျွဲပွဲကျေးရွာအုပ်စုရှိ ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (၃၁၆)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များစုပေါင်းလှူဒါန်း

မိုးညှင်း ဇူလိုင် ၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ (၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၂၅ရက် မွန်းလွဲ၁နာရီက မိုးညှင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များစုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမာန်ပိုင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်ကစုပေါင်းစာအုပ်လှူဒါန်းပွဲဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များနှင့် စာပေစာနယ်ဇင်း အဖွဲ့ဝင်များက ရေဒီယို၊ မဂ္ဂဇင်း၊ဂျာနယ်၊ သုတ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးမာန်ပိုင်းက လက်ခံရယူသည်။ **(ယာပုံ)** **(၁၅၂)**

ချို့တဲ့နွမ်းပါးကျောင်းသားများ စာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့

မြို့နယ် သတင်းများ

မန္တလေး ဇွန် ၂၆

၂၀၀၆–၂၀၀၇ ခုနှစ် ပညာသင်နှစ် ချို့တဲ့နွမ်းပါးကျောင်းသား ကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာပေးအပ်ပွဲကို ဇွန်၁၈ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်ရုံးတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်း တက်ရောက်အားပေးသည်။

ရှင်းလင်း

ရှေးဦးစွာ သဘာပတိ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က အမှာစကားပြောကြားပြီး ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ အတွင်းရေးမှူး ဒေါ်စောရွှေက ရပ်ကွက်အတွင်း ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် အထက်တန်းအဆင့်သုံးဦးအား တစ်ဦးလျှင်ငွေကျပ် ၅၅၀၀ တန်ဖိုးရှိစာအုပ်နှင့် စာရေးကိရိယာများ၊ အလယ်တန်းအဆင့်ငါးဦးအား တစ်ဦးလျှင် ငွေကျပ်၄၅၀၀တန်ဖိုးရှိ စာအုပ်နှင့် စာရေး ကိရိယာများ၊ မူလတန်းအဆင့် ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ (၁၆၂)

ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုး

ဆွမ်ပရာဘွမ် ဇွန် ၁၇

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများဖြင့် ဇွန်၂ရက်က ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်းများဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးလှသိန်းထွန်း ကြီးကြပ်ပေးကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် ဝန်ထမ်းများစုပေါင်း၍ ဇွန်၂၀ရက်က အဖွဲ့ပိုင်မြေကွက်တွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကျင်ချောင်းနှင့် အင်းအိုင်များအတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

ရွှေကျင် ဇူလိုင် ၆

ပဲခူးတိုင်း ရွှေကျင်မြို့နယ်၌ မြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင်၄ရက် နံနက်၈နာရီက ရွှေကျင်ချောင်းအတွင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘတင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဖြင့် ရွှေကျင်ချောင်းအတွင်းနှင့် အင်းအိုင်များအတွင်း ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေရောင်ငါးကြင်း စုစုပေါင်း ကောင်ရေ ၁၀၃၄၅၀၀ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၃၂၉)**

ကြာအင်းဆိပ်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ခြင်းလုပ်ငန်းများဆောင်ရွက်မှုကို ဇွန် ၁၀ ရက်က တာဝန်ခံအင်ဂျင်နီယာဦးထွန်းလှအောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

MCC Computer
နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာဒီပလိုမာရလိုသူများအတွက်
IDCS Diploma Course
၁၇–၇–၂၀၀၆ ဖွင့်မည်။
25% Discount (1-10 July ' 06)
သိမ်ကြီးဈေး(စီ)ရုံ၊ တတိယထပ်
ရွှေတိဂုံဘုရားလမ်း။
ရန်ကုန်မြို့။
☎ ၂၄၅၅၅၅၊ ၂၄၅၅၆၂

B.Sc နိုင်ဝင်း
TV, VCD, DVD, Amplifier,
Cassette, Satellite
☎ : 09 99 72135

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၁၄၄ (အမ်)

မြန်မာ့စီးပွားရေးဘဏ်(၁)	**နှင့်**	၁။ ဦးသန်းထွန်း
မန္တလေးမြို့။		၂။ ဒေါ်ခင်လှရီ
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၆ တွင်ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်နေ့) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊အကွက်(ဓ–၂၁)၊ ဦးပိုင်(၇၁)၊ ဧရိယာ ၀ဒသမ ၀၅၅၁ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် (၂၀ X ၃၀) ပေ သွပ်မိုး နံကပ်နှစ်ထပ်တိုက်နှင့် ဘေးဘက် (၈½ X ၃၁½) သွပ်မိုး နံကပ်တစ်ထပ်ဂိုဒေါင်နှင့် နောက်ဘက် (၈½ X ၃၁½)ပေ သွပ်မိုး နံကပ်တစ်ထပ် မီးဖိုအဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၈၈ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်း တရားရုံး။

HAIR STYLIST များ ဝမ်းမြောက်ဖွယ်

PINOT POINT International Hair Academy (S' Pore) မှ ကျောင်းအုပ်ဆရာမကြီး Ms. JACKLYN TAN ကိုယ်တိုင် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်၍ (၂၀၀၆) ခုနှစ်၏ နောက်ဆုံးပေါ်ဆံပင်ပုံဆန်း ညှပ်နည်းများကို ရက်တိုသင်တန်းသင်ကြားပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ (၁၃–၇–၂၀၀၆)ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပါသည်။ (လုပ်သက်အနည်းဆုံး ၅နှစ်ရှိရမည်။) လူဦးရေကန့်သတ်ထားသည်။ အောင်လက်မှတ်ထုတ်ပေးမည်။

စုံစမ်းရန် ဖုန်း–၅၇၈၉၃၁၊ ၇၀၄၅၃၃။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းနေရာ ချထားခြင်းလက်မှတ်အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်အမည်ဖြင့် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနေရာချထားခြင်းလက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ဖြင့် အဆောက်အအုံနေထိုင်ခွင့်တွင် အမည်ပြောင်း၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

မူလအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးမြင့်လွင် K/RGN-၀၁၂၁၉၂	ဒေါ်တင်ချို ၁၂/မဂတ(နိုင်)၀၁၆၈၁၀	တိုက်–၁၂ အခန်း–၆၃ ပြည်ရိပ်မွန်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အများသိစေရန်ကြေညာချက်

[illegible]

ရန် ကုန် မြို့ တာမွေမြို့နယ် ဗညားဒလလမ်း ယုဇနအိမ်ရာ B1 တိုက် ၁12နေ ဦးဝင်း သိန်း–ဒေါ်ခင်မြိုင် (ဇေယျာ ပန်းပု လုပ်ငန်း)မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့

နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကြည်သိန်းနှင့် ဒေါ်ဒေဝီခင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဒိုက်ဦးအမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော

ဒိုက်ဦး ဇွန် ၂၅

ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က အေးသုခအစာစပ်စက်ရုံ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စုစုရှိန်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနွဲ့က အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေများကိုလည်းကောင်း၊ ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်အိအိခင်က မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး အမျိုးသမီးရေးရာအသင်းဝင် အဆိုပြုလွှာ ၁၂၀ ကို အုပ်ချုပ်မှုဌာနတာဝန်ခံ ဒေါ်ခင်ဝေကပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်လုံးကျွတ် တီဘီရောဂါကင်းဝေးရေး ပညာပေးဟောပြော၊ ဝေဒနာရှင်များအား စမ်းသပ်စစ်ဆေး

ကျိုက်လတ် ဇွန် ၂၁

ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်လုံးကျွတ် (တီဘီ)ရောဂါကင်းဝေးရေး စီမံချက် ရှင်းလင်းပွဲကို ဇွန် ၁၂ရက်က ကျိုက်လတ်မြို့နယ် ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအဆုတ်(တီဘီ)ဆရာဝန်ကြီး ဒေါက်တာဦးစောသိန်း၊ ခရိုင်အဆုတ်(တီဘီ) ဆရာဝန် ဒေါက်တာခိုင်စန္ဒာအောင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအောင်တင်ထွန်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး(ခေတ္တ) ဒေါက်တာတင်မာဝေနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရောဂါဝေဒနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအဆုတ် (တီဘီ) ဆရာဝန်ကြီး ဒေါက်တာဦးစောသိန်းက Dotsအကြောင်းပြောကြားပြီး **(အောက်ပုံ)** ခရိုင်အဆုတ်(တီဘီ)ဆရာဝန် ဒေါက်တာခိုင်စန္ဒာအောင်က တီဘီရောဂါအကြောင်း ပညာပေးပြောကြားကာ ရောဂါဝေဒနာရှင်များအား သလိပ်စစ်ခြင်း၊ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဆေးပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ်၌ စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

သာစည် ဇွန် ၂၆

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ကြသည့် စာကြည့်တိုက်များတွင် ကျေးလက်ပြည်သူများ လေ့လာဖတ်ရှုနိုင်ကြရေးအတွက် ဇွန် ၁၇ ရက်နံနက်က အမှတ် ၄ မြို့မရပ်ကွက်နေ ရွှေနဂါးပွဲရုံပိုင်ရှင် ဦးအောင်သန်းမိသားစုက ဂျာနယ်မျိုးစုံ ၁၂၀၀ ကျော်ကိုလည်းကောင်း၊ အမှတ် ၁ ရပ်ကွက်နေ ဦးတင်ဖေ–ဒေါ်စန်းမြ မိသားစုက မဂ္ဂဇင်းမျိုးစုံ ၁၃ အုပ်နှင့် ဝတ္ထု၊ ကဗျာစာအုပ် သုံးအုပ်တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့ ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းကို ဇွန် ၂၃ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြင်မှန်၊ အသိမှန်ဖြင့် အလုံးအရင်းနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့်အတွက် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်အားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်ကပါ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိ

■ ရှေ့ဖုံးမှ

မိန်းစင် ဦးစီးအဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဦးစီးသော တာဝန်ရှိသူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့အပြင် တိုင်းမှူးက ၎င်းအဖွဲ့ နေထိုင်လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဝမ်းမြောက်ဝမ်းသာ

ယခုကဲ့သို့ အမြင်မှန် အသိမှန်ဖြင့် အလုံးအရင်းနှင့် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသည့်အတွက် အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)ရှိ တိုင်းရင်းသားမျိုးနွယ်အားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်တကွ တပ်မတော်ကပါ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **(SSA-S)** (ရွက်ဆစ်အဖွဲ့) မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီးအင်အား ၈၄၈ဦးအနက်မှ အဖွဲ့ဝင်အချို့အား လက်နက်မျိုးစုံနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ၌ ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄ လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁ တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကား ပြောစက် ၁၂၀ တို့ကို ယူဆောင်လာကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

အမ်း	၆ ဒသမ ၁၀ လက်မ	ဂွ	၂ ဒသမ ၁၃ လက်မ
ဘားအံ	၄ ဒသမ ၀၆ လက်မ	ပဲခူး	၂ ဒသမ ၀၈ လက်မ
ရွှေကျင်	၃ ဒသမ ၆၆ လက်မ	မောင်တော	၁ ဒသမ ၈၅ လက်မ
တောင်ငူ	၂ ဒသမ ၆၀ လက်မ	ထားဝယ်	၁ ဒသမ ၇၃ လက်မ